ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ တနင်္လာနေ့၊ (24-5-2004) (၄၂၄၃)

ယနေ့ထုတ်စောင်ရေ ၁၉၇၁၉၆

ကာလေန ဓမ္မသာကစ္ဆာ
ဧတံ မင်္ဂလ မုတ္တမံ။

သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ် ရည်မှန်းချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းရေးအတွက် အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက် စက်မှုနိုင်ငံကြီးထူထောင်ရေးအတွက် ပညာရှင်များမွေးထုတ်သွားမည်ဖြစ်ရာ နိုင်ငံအတွက် အလွန်အရေးပါ

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေး မှာကြားသည်။ (အောက်ပုံ)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ▲

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ကဏ္ဍအလိုက် စာတမ်းများ စတင်ပြုစုရေးသားလျက်ရှိ

ရန်ကုန် မေ ၂၃

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် ချမှတ်သင့်သည့် အခြေခံမူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် အစုအဖွဲ့အလိုက် လေ့လာဆွေးနွေးအကြံပြုကြကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်နေရာများ၌ ကဏ္ဍအလိုက် စာတမ်းများကို စတင်၍ ရေးသားပြုစုလျက် ရှိကြသည်။

အမျိုးသားညီလာခံကိုယ်စားလှယ်များသည် ယနေ့နံနက်စောစောပိုင်းမှ စတင်ကာ နေ့စဉ် ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ စားပွဲတင်တင်းနစ် ကစားခြင်း၊ အလေးမခြင်း၊ လမ်းလျှောက်ခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်ကစားခြင်း၊ အမျိုးသား၊ အမျိုးသမီး ကိုယ်ကာယလေ့ကျင့်ရေးစခန်း၌ ကိုယ်ကာယလေ့ကျင့်ခြင်း၊

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❒

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၅-၂၀၀၄
(တနင်္လာနေ့)

ကျေးလက်ဒေသ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုး၊မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်

မြန်မာနိုင်ငံသည် ရေ၊ မြေ သဘာဝသယံဇာတ ပေါများကြွယ်ဝပြီး ရာသီဥတု ညီညွတ်မျှတသည့်အလျောက် စိုက်ပျိုးရေးဖြစ်ထွန်းသော အခြေခံကောင်းများဖြင့် ပြည့်စုံလျက်ရှိသည်။

စိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် အခြေခံအကျဆုံး စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားအများစု မှီတင်းနေထိုင်ရာ ကျေးလက်ဒေသ၏ ပင်မ အသက်မွေးဝမ်းကျောင်း လုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အဓိကစီးပွားရေးလုပ်ငန်းကြီး ဖြစ်သည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက်ရှိကြသည့် ကျေးလက်ဒေသပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးကို အစဉ်အလေးထား စီမံဖြည့်ဆည်းပေးနေခြင်း ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းပြီး **"ကျေးလက်ဒေသတွေရဲ့ လိုအပ်ချက်တွေထဲမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ကျေးရွာရေ ရရှိရေးနဲ့ စိုက်ပျိုးရေးကဏ္ဍတွေ ပါဝင်မှာဖြစ်တယ်။ ကျေးလက်ရဲ့ အဓိကစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်း ကိုလည်း မြှင့်တင်ပေးရမှာဖြစ်တယ်"**ဟူ၍ လမ်းညွှန်မှာကြားထားသည်။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးအစီအမံများကို အကောင်အထည်ဖော် ဖြည့်ဆည်းပေးလျက်ရှိရာ မြို့ပြနှင့် ကျေးလက်ဒေသ ဆက်သွယ်ရေး တိုးတက်မှုရှိလာသည်။ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူမှုရှိလာသည်နှင့်အတူ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ကျေးလက်နေ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် စိုက်ပျိုးရေ ဖူလုံမှုရှိစေရန် ဆည်တမံပေါင်းများစွာကို တည်ဆောက်ပေးလျက်ရှိသည်။ ဒေသ၏ အခြေအနေကိုလိုက်၍ စိုက်ပျိုးရေရရှိရေး အစီအမံများကို နည်းလမ်းအသွယ်သွယ်ဖြင့် စီမံဖြည့်ဆည်း ပေးလျက်ရှိသည်။

နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မားလာရေးနှင့်အတူ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဘက်ဘက်က ပံ့ပိုးကူညီပေးလျက်ရှိချိန်တွင် တောင်သူလယ်သမားများကလည်း စပါး၊ ပဲ၊ ပြောင်း၊ ကြံ၊ ဝါ စသည့်သီးနှံများကို ကြိုးပမ်းစိုက်ပျိုးကြရန် လိုအပ်သည်။ သီးနှံအထွက်နှုန်း တိုးမြှင့်ရရှိနိုင်ရေးအတွက် မိုးစပါးကို သာမက နွေစပါးကိုလည်း ယခုထက် ပိုမိုတိုးချဲ့စိုက်ပျိုးကြရမည် ဖြစ်သည်။

အဆိုပါသီးနှံများအပြင် စက်မှုသီးနှံများ၊ ဈေးကွက်ရှိသည့် သီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးကြရန်လိုအပ်သည်။ အထူးသဖြင့် တောင်သူလယ်သမားများအတွက် ဝင်ငွေတိုးအကျိုးရှိစေသည့် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်၊ ကော်ဖီ၊ ရော်ဘာ၊ ရေတ်ကောင်းစသည့်သီးနှံများကို ရေ၊ မြေ အခြေအနေပေးသည့်ဒေသများအလိုက် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ပေသည်။

တောင်သူလယ်သမားများက စိုက်ပျိုးရေးလုပ်ငန်းများနှင့်အတူ မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသနှင့်ဆီလျော်သော နွား၊ ဆိတ် မွေးမြူရေးလုပ်ငန်းများအပြင် ကြက်၊ ဝက် မွေးမြူရေးလုပ်ငန်းများကို မိသားစုအလိုက် တစ်အုပ်တစ်မ မွေးမြူရေးမှသည် စီးပွားဖြစ်မွေးမြူရေးအထိ ကြိုးပမ်းဆောင်ရွက် သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျေးလက်ဒေသများ၏ လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုး တိုးတက်စေရေးအတွက် မြို့နယ်အဖွဲ့အစည်းများ၊ စိုက်ပျိုးရေးဆိုင်ရာ တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းများတွင် နည်းပညာပံ့ပိုးပေးခြင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့် သီးနှံမျိုးများရရှိရေး ပံ့ပိုး ဖြည့်ဆည်းပေးကြရန်နှင့် တောင်သူလယ်သမားများကလည်း မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် တိုးချဲ့လုပ်ကိုင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့်အဖွဲ့ အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်ယူမှု မင်္ဂလာတောင်ညွန့်တွင် ကြည့်ရှုအားပေး

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ဦးဆောင်၍ ပြန်ကြားရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ကြည်ကြည်ဝင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်သဇင်နွယ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပညာရေးနှင့် ပြန်ကြားရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းတည်ရှိရာ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းရှိ စာသင်ခန်းများနှင့် Language Lab တို့တွင် သင်တန်းသူအမျိုးသမီးများ အင်္ဂလိပ်စကားပြော သင်ယူနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ် ဘက်စုံမွမ်းမံမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ကန်တော်ကြီး ဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ကန်တော်ကြီးဥယျာဉ်အတွင်း မြေယာရှုခင်းအလှနှင့် ပန်းအလှပင်များ စိုက်ပျိုးပြီးစီးမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ တိရစ္ဆာန်ဥယျာဉ်များ ဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သဘာဝသမိုင်းပြတိုက်ရှိ သစ်တော ပြခန်း၊ ဆင်ရုံနှင့် ဂျီလောင်ထားရှိရာ နေရာတို့ကို လိုက်လံရှင်းလင်းပြသ သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဝန်ကြီးအား တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်) အဆင့်မြင့် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်း ဆောင်၌ တိရစ္ဆာန်ဥယျာဉ်အတွင်း ဘက်စုံမွမ်းမံပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဥယျာဉ်အတွင်း လာရောက် အပန်းဖြေအနားယူသူများ ယခင် ကထက် ပိုမိုများပြားလာခြင်းကြောင့် ဥယျာဉ်ဝင်ငွေတိုးပွားမှု အခြေအနေ များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက လူထုစိတ်ဝင်စားမည့် အဆင်အပြင်များ ဆောင်ရွက်ရန်နှင့် အမြဲတမ်း စိမ်းလန်းလှပနေမည့်ရောင်စုံ ရွက်လှပင်များကို ရှင်းလင်းဆောင်အနီး နှင့် အခြားလိုအပ်မည့်နေရာများတွင် စိုက်ပျိုးရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

မြို့တော်မိုး

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာ မည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၅-၂၀၀၄ ရက်ထုတ် သတင်းစာများတွင် ပါရှိသည့် အမျိုးသားညီလာခံအစုအဖွဲ့ ရှစ်ဖွဲ့ စာတမ်းပြုစုရေးနှင့် သဘာပတိ အဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပသည့်သတင်းတွင် "အသိ ပညာရှင်၊ အတတ်ပညာရှင် ကိုယ်စား လှယ်များ အစုအဖွဲ့၏ ညှိနှိုင်း ဆွေးနွေးပွဲ"၌ သဘာပတိအဖွဲ့ဝင် ဖြစ်သူ မြန်မာနိုင်ငံ နည်းပညာရှင် အဖွဲ့ဥက္ကဋ္ဌ **ဒေါက်တာသိန်းဦးဘိုးစော** အစား **ဒေါက်တာဦးသိန်းဦးဘိုးစော** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ၏ နောက်ဆုံး သီတင်းပတ်



ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

စခန်းအောင်မြင် ညောင်နှစ်ပင်

❖ ညောင်နှစ်ပင်
အောင်မြင်မယ့် စခန်း။
အမျိုးသားညီလာခံသို့
တက်ရောက်ရန် အနယ်နယ်မှ
ကိုယ်စားလှယ် နောင်ညီများတို့
အားသစ်နှင့် လှမ်း။

❖ ကိုယ့်တိုင်းပြည် အနာဂတ်အတွက်
မြင့်မြတ်တဲ့စိတ်ဖြူစင်။
ညီလာခံ ကိုယ်စားလှယ်များ
ထားကြသည်ပင်။
စည်းဝေးလို့ တိုင်ပင်
တိုင်ပင်လို့ ဆွေးနွေး။
သူသိလို ကိုယ်ကပြော
ကိုယ်သိလို သူကပြော
သဘော အမြင် အယူအဆတွေလည်း
တူမျှအောင် ပီတိလှိုင်းနဲ့
ညှိနှိုင်းကြသေး။

❖ ဘယ်သူတွေ ဘယ်လိုနှောက်ပေမယ့်
မဖောက်မဖျက် ခိုင်ခိုင်မာ။
အမျိုးသား အကျိုးစီးပွားအတွက်
တွဲလက်ညီညာ။
တိုင်းရင်းသားစုံလင်စွာ
ပါဝင်တဲ့ သည်ပွဲ။
အတူထာဝရ မှန်းမြင်တဲ့
မူဝါဒလမ်းစဉ် ခုနစ်ရပ်ကိုဖြင့်
မွန်မြတ်စွာ အကောင်အထည်ဖော်ဖို့
နောင်ညီပျော် အောင်သံကြွေးတယ်
အောင် တေးသံဝဲ။

❖ ညောင်နှစ်ပင်
အောင်မြင်မယ့် စခန်း။
အမျိုးသားညီလာခံသို့
တက်ရောက်ရန် အနယ်နယ်မှ
ကိုယ်စားလှယ် နောင်ညီများတို့
အားသစ်နှင့် လှမ်း။ ။

မြင်းမူမောင်နိုင်မိုး

ပြည်နယ်နှင့်ပြည်မ ပေါင်းကူးဆက်စပ်ပေးရာ ချင်းတောင်ခြေက ပန်းမွန်ချောင်းတံတား

ပန်းမွန်ချောင်းတံတား

စစ်ကိုင်းတိုင်း ကလေး–ဂန့်ဂေါလမ်းမကြီးပေါ် ချောင်းခွကျေးရွာအနီးတွင် ပန်းမွန်ချောင်းကို ဖြတ်ကျော် တည်ဆောက်လျက်ရှိသော ပန်းမွန်ချောင်းတံတားကို ချင်းတောင်တန်းကြီးနောက်ခံဖြင့် တွေ့ရစဉ်။

(ဓာတ်ပုံ–ကလေးဝင်းသူ)

ကလေး –ဝင်းသူ

"ကိုဝင်း ဆရာမကြီးက တွေ့ချင်တယ်တဲ့၊ အိမ်မှာစောင့်နေတယ်"ဟု ကျွန်တော့်ဇနီး ဒေါ်သန်းလှက ကျွန်တော် နွေပဲသီးကောက်နေရာ ပဲစင်သို့ လိုက်လာပြီး အလောတကြီး လာခေါ်နေပါသည်။

"မြန်မြန်လုပ် တော်တော့၊ လာခဲ့တော့"ဟုလည်း လောဆော်နေပါသည်။ အချိန်ကား မွန်းတည့် ၁၂နာရီရှိပြီ။ ခြံထဲမှအိမ်ရှေ့သို့ထွက်လာရာ ဆရာမကြီး ဒေါ်ဝင်းမေနှင့် ဆရာမဒေါ်ဝင်းရီတို့ကို တွေ့ရ၏။ ကျွန်တော့်အားတွေ့လျှင် တွေ့ချင်းဆရာမကြီးက–

"ဆရာ ဒီလိုပါ၊ ပန်းမွန်ချောင်းတံတားကို ကျောင်းသားတွေလေ့လာရေး သွားမှာမို့လို့ ဓာတ်ပုံရိုက်ပေးဖို့ လာခေါ်တာပါ"

"ဟုတ်လား၊ ကျွန်တော်မနေ့ကတောင် ဓာတ်ပုံသွားရိုက်သေးတယ်။ လေ့လာရေးသွားဖို့ အလွန်ကောင်းတဲ့အစီအစဉ်ပဲ" ဟု ကျွန်တော်က ဝမ်းသာအားရပြောမိသည်။

"ဒီတော့ ဆရာ ၁နာရီခွဲ ကျောင်းကထွက်ကြမယ်။ ဆရာကတော့ ကြိုသွားနှင့်လည်းရပါတယ်"

"ဟုတ်ကဲ့၊ ဖလင်လည်းအသစ်ထည့်ထားတာနဲ့အတော်ပဲ"ဟု ဆိုကာ ရေအမြန်ဆုံးချိုး၍ ရွာလယ်ရှိ စာအုပ်ဆိုင်တွင် စာဖတ်ရင်းစောင့်နေမိ၏။

မကြာမီ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများတန်းစီ၍ စနစ်တကျထွက်လာကြသည်။ လေ့လာရေးအဖွဲ့ ချောင်းခွအရောက်တွင် ကုန်းမြင့်ပေါ်ကဆီး၍ ဓာတ်ပုံမှတ်တမ်းတင်သည်။ တံတားအဝင်၌ မှတ်တမ်းတင်လိုက်၏။ ထိုနေ့ကား ၂၆–၁–၂၀၀၄ရက်နေ့ နတ်ချောင်း အလက၏ ပန်းမွန်ချောင်းတံတား လေ့လာရေးခရီးပေတည်း။

လမ်းတံတားဌာန၏ ရှင်းလင်းဆောင်အဆောက်အအုံအတွင်း စနစ်တကျ နေရာယူကြ၏။ ရှင်းလင်းဆောင်အတွင်း ကျောင်းသား ကျောင်းသူများဖြင့် ပြည့်ကျပ်သွားလေသည်။

မကြာမီလမ်းတံတားဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၃)မြို့ပြ ဦးခင်မောင်စိုး ရောက်ရှိလာသည်။ ဦးခင်မောင်စိုးက–

"အခုလို ကျောင်းသူ ကျောင်းသားများနဲ့ ဆရာ ဆရာမများ စိတ်ဝင်တစား လာရောက်လေ့လာတဲ့အတွက် ဝမ်းမြောက်စွာကြိုဆိုပါတယ်"ဟု ဆိုကာ ရှင်းလင်းပြသည်။

အဆိုပါတံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းစီမံကိန်းအထူးအဖွဲ့(၁၁)က ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ပန်းမွန်ချောင်းတံတားသည် ချင်းတောင်ခြေ စစ်ကိုင်းတိုင်း ကလေး–ဂန့်ဂေါ လမ်းမကြီးရှိ မိုင်တိုင်အမှတ် ၁၅/၅နှင့် ၁၅/၆ကြားရှိ ပန်းမွန်ချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသည့် တံတားဖြစ်သည်။ ချောင်းအခြေအနေမှာ မိုးတွင်းအခါ တောင်ရေဆင်းချိန်များ၌ ချောင်းအတွင်းမှ ကားများဖြတ်သန်းသွားလာနိုင်ခြင်းမရှိသည့်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးက ၁၉–၃–၂၀၀၂ ရက်တွင် တံတားသစ်တည်ဆောက်ရန် မှာကြားခဲ့သည်။

၅–၅–၂၀၀၃ရက်နေ့ ဝန်ကြီး၏ ခရီးစဉ်၌ ချောင်း၏ကျယ်ဝန်းမှု အခြေအနေအရ အုတ်မြစ်နှင့် တံတားတိုင်များအား သံကူကွန်ကရစ်အဖြစ် တည်ဆောက်ရန် ထပ်မံမှာကြားပေးခဲ့သဖြင့် သံကူကွန်ကရစ်ရေလယ်တိုင် အပေါ်ထည် R.P.Tသံပေါင်ရက်မတံတားအဖြစ် ပုံစံပြု တည်ဆောက်ခဲ့သည်။

ပန်းမွန်ချောင်းတံတားသည် ကလေးမြို့နယ် နတ်ချောင်းနှင့် ချောင်းခွရွာ အနီးတွင်တည်ရှိပြီး တံတားအရှည်ပေ ၂၂၀ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်အုတ်မြစ်၊ ရေလယ်တိုင်နှင့် အပေါ်ထည် R.P.T သံပေါင်ရက်မ တံတားဖြစ်သည်။ ခန်းဖွင့်အကျယ်မှာ ၂၀+၃၆+၁၀၈+၃၆+၂၀ ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၁၈ ပေရှိပြီး ကင်းလွတ်အမြင့် နှစ်ပေ၊ ကင်းလွတ်အကျယ် ၁၀၄ ပေရှိသည်။ အောက်ခြေ တံတားကပ်ခုံတိုင်ပတ်လည်မှာ အနံလေးပေ၊ အလျား ၁၃ ပေရှိသည်။ တိုင်ခြောက်လုံးပါရှိသည်။ ရေအောက်ကြမ်းပြင်နှင့် တံတားအကွာအဝေးမှာ ၁၂ ပေဖြစ်သည်။ မီးရထားတံတားအထက်ကရှိနေ၍ တစ်ပေမြှင့်ထားသည်။ လုပ်ငန်းလွယ်ကူရန် မြေကိုမြှင့်ထားသည်။ ယာဉ်သွားလမ်းနှစ်လမ်းပါ ကားလမ်းဖြစ်သည်။ ကိုခင်မောင်စိုးက "ကဲ မေးချင်တာမေးကြပါ" ဟုဆိုသောအခါ "ဒီတံတားကြီးကို ဘယ်တုန်းက စတင်ဆောက်လုပ်ပါသလဲ" ဟု ကျောင်းသူလေးတစ်ဦးကထမေးသည်။ ထိုအခါ အင်ဂျင်နီယာ ကိုခင်မောင်စိုးက "၁–၈–၂၀၀၃ရက်နေ့က စတင်ဆောက်ခဲ့ပါတယ်"ဟု ပြန်လည်ဖြေကြားသည်။

"ဒီတံတားရဲ့ ခန့်မှန်းကုန်ကျငွေ ဘယ်လောက်ရှိပါသလဲ" ဟု ဆရာမဒေါ်ဝင်းရီက ထပ်၍မေးသည်။ ကိုခင်မောင်စိုးက ငွေကျပ်သိန်းပေါင်း ၁၄၀၀ နဲ့ ၁၅၀၀ ကြားကုန်ကျပါတယ်။ ငါးလနဲ့ အပြီးတည်ဆောက်ခဲ့ပါတယ်"ဟုဖြေသည်။

"စက်ယန္တရား အသုံးပြုပုံတွေ ပြောပြပါဦး"ဟု ကျောင်းသားတစ်ယောက်က ထ၍မေးရာ

"စက်ယန္တရားတွေကတော့ ကရိန်း ၁၅တန်တစ်စီး၊ ၇၁၅ ကွန်ကရစ်ဖျော်စက်နှစ်ခု၊ Welding Generator တစ်ခု၊ထရပ်ကားတစ်စီးတို့ ဖြစ်ပါတယ်" ဟု ဖြေသည်။

"အခုလုပ်ငန်းဘယ်လောက်ပြီးစီးနေပါပြီလဲ" ဆရာမကြီးဒေါ်ဝင်းမေက ထိုင်နေရာမှ လှမ်းမေးလိုက်သည်။

"သံပင်အပေါ်ကြမ်းခင်းလည်း သွန်းလောင်းနေပါပြီ။ ယခု လကုန်ပြီးပါ့မယ်။လုပ်ငန်းတစ်ခုလုံး ၉၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ဆေးသုတ်ရုံပဲ ကျန်ပါတော့တယ်"ဟု အင်ဂျင်နီယာ ကိုခင်မောင်စိုးက ဖြေသည်။

"ဒီတံတားကိုဆောက်လုပ်တဲ့ ဝန်ထမ်းအင်အားနဲ့ အင်ဂျင်နီယာကြီးများရဲ့ အမည်ကိုပြောပြပါဦး"ဟု ဆရာဦးအေးကြူ၏သမီး သတ္တမတန်း ကျောင်းသူ ကလေးက ထ၍မေးပြန်သည်။

"ဝန်ထမ်းအင်အားက များပါတယ်။ နေ့ဆိုင်း၊ ညဆိုင်းလုပ်ကြရပါတယ်။ အင်ဂျင်နီယာတွေကတော့ သုံးဦးရှိပါတယ်။ ဒုတိယအင်ဂျင်နီယာမှူးကြီးက ဦးသိန်းထွန်း၊ တာဝန်ခံအငယ်တန်းအင်ဂျင်နီယာ(၂)က ဦးကျော်နိုင်ဖြစ်ပြီးတော့ အငယ်တန်းအင်ဂျင်နီယာ(၃)ကတော့ ကျွန်တော်ကိုခင်မောင်စိုး ဖြစ်ပါတယ်" ဟူ၍ စိတ်ရှည်လက်ရှည် ဖြေကြားသည်။

ထို့နောက် ကျောင်းသူ ကျောင်းသားများနှင့် ဆရာ ဆရာမများသည် ပန်းမွန်ချောင်းတံတား တည်ဆောက်ရာနေရာသို့ သွားရောက်လေ့လာကြသည်။ မသိတာကိုမေးကြ၏။ သံပင်များဖြင့် ကြမ်းခင်းနေသည်ကို ကိုခင်မောင်စိုးက အသေးစိတ်ရှင်းပြနေသည်။ ပြီးလျှင် တံတားအောက်ဘက်သို့ဆင်း၍ ပိုင်တိုင်များအကြောင်း အသေးစိတ်ရှင်းပြနေလေသည်။

ပန်းမွန်ချောင်းတံတား၏ အကြိုအင်ဂျင်နီယာလုပ်ငန်းကို ၂၀၀၂ခုနှစ် ဇူလိုင်လမှ ဒီဇင်ဘာလအထိ ဆောင်ရွက်ခဲ့ပြီး ဆောက်လုပ်ရေးပစ္စည်းများ စုဆောင်းခြင်းကို ၂၀၀၂ခုနှစ် ဇွန်လမှ ၂၀၀၃ ခုနှစ် မေလအထိဆောင်ရွက်ခဲ့သည်။ ကမ်းကပ်ခုံနှင့် ရေလယ်တိုင်အုတ်မြစ်လုပ်ငန်းကို ၂၀၀၂ခုနှစ် ဒီဇင်ဘာလမှ စတင်ခဲ့ရာ ၂၀၀၃ခုနှစ် စက်တင်ဘာလတွင် ပြီးစီးခဲ့သည်။ ကမ်းကပ်ခုံနှင့် ရေလယ်တိုင် တည်ဆောက်ခြင်းကို ၂၀၀၃ခုနှစ် ဇန်နဝါရီလကစတင်ခဲ့ရာ ၂၀၀၃ခုနှစ် အောက်တိုဘာလတွင်ပြီးစီးခဲ့သည်။ ကွန်ကရစ်ရက်မနှင့် အခင်းခင်းခြင်းကို ၂၀၀၃ခုနှစ် မတ်လကစတင်ခဲ့ရာ ၂၀၀၃ခုနှစ် ဒီဇင်ဘာလတွင် ပြီးစီးခဲ့သည်။ တံတားသံပေါင် တပ်ဆင်ခြင်းနှင့် အခင်းခင်းခြင်းကို ၂၀၀၃ခုနှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိ သုံးလဆောင်ရွက်ခဲ့ပြီး တံတားအချောသတ်နှင့် ဆေးသုတ်ခြင်းလုပ်ငန်းများ ၂၀၀၃ခုနှစ် ဩဂုတ်လမှ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလကုန်အတွင်း ပြီးစီးခဲ့သည်။

ချင်းတောင်ခြေမှ ချောင်းခွကျေးရွာကလေးအနီးတွင် ခေတ်မီခိုင်ခံ့ သေသပ်လှပသော ပန်းမွန်ချောင်းတံတားကြီး ငွားငွားစွင့်စွင့် ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ ချောင်းခွရွာနှင့် နတ်ချောင်းရွာကို ကားဖြင့်တစ်ဖုံ၊ ဆိုင်ကယ် ဖြင့်တစ်နည်းစီးကာ ဥဒဟိုသွားလာနိုင်ကြပြီဖြစ်သည်။ ကုန်ရောင်းကုန်ဝယ်၊ ဈေးသည် ဈေးဝယ်တို့ ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။ ကလေးနှင့်ဂန့်ဂေါ၊ ချင်းပြည်နယ်တို့ကို ဤတံတားကြီးက ဆက်စပ်ပေးထားရာ ပြည်နယ်၊ ပြည်မ ဆက်သွယ်ရေး အထူးကောင်းမွန်လာပေပြီ။ ထို့ကြောင့် ပန်းမွန်ချောင်း တံတားကြီးကား ချင်းပြည်နယ်နှင့်ကလေး–ဂန့်ဂေါတို့မှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်ရာ **"ပြည်နယ်နှင့် ပြည်မ ချစ်ကြည်ရေးတံတားကြီး"**ဟုပင် ဆိုထိုက်ပါပေသတည်း။ ။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းစီမံကိန်းအထူးအဖွဲ့(၁၁)မှ အင်ဂျင်နီယာ ဦးခင်မောင်စိုးက လေ့လာရေး ကျောင်းသူ ကျောင်းသားများအား တံတားတည်ဆောက်ထားပုံကို ရှင်းလင်းပြောကြားစဉ်။

(ဓာတ်ပုံ–ကလေးဝင်းသူ)

ကွန်ကရစ်ကြမ်းခင်းရန်အတွက် ပြင်ဆင်ထားသည်များကိုလည်း လေ့လာရေးကျောင်းသူ၊ ကျောင်းသားများက ဤသို့စိတ်ဝင်တစားလေ့လာခဲ့ကြသည်။

(ဓာတ်ပုံ–ကလေးဝင်းသူ)

ဘုရှ် သမ္မတ နောက်တစ်ကြိမ်ပြန်ဖြစ်ရေး အီရတ်ပြဿနာကြောင့် ထိခိုက်နိုင်

နိုင်ငံတကာ သတင်း

ဝါရှင်တန် မေ ၂၂

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အရပ်သားများကို နှိပ်စက်ကလူပြုနေသော ဓာတ်ပုံများ၊ ဗီဒီယိုအသစ်များ ထွက်ပေါ်လာပြန်သည်။ ထိုပုံများတွင် အကျဉ်းသားများကို ရိုက်နှက်နေပုံ၊ အရှက်တကွဲဖြစ်အောင် အနိုင်ကျင့်နေပုံ၊ အကြမ်းဖက် ညှဉ်းပန်းနေပုံများပါဝင်သည်။

လူများမသိရ၊ မတွေ့ရသေးသော ဓာတ်ပုံများ၊ ဗီဒီယိုများ အများအပြားပင် ရှိနေဦးမည်ဖြစ်သည်။ အမေရိကန် စစ်ဌာနချုပ် ပင်တဂွန်သည် လက်ဝယ်တွင် ရရှိထားသော ဓာတ်ပုံအထောက်အထားအားလုံးကို ပြည်သူများသိရှိအောင် ဖော်ပြပေးသင့်ကြောင်း တောင်းဆိုမှုများ ထွက်ပေါ်လာကြောင်း သိရှိရသည်။

အီရတ် စစ်ပွဲကာလတစ်လျှောက်လုံးတွင် ပြီးခဲ့သော ဧပြီလသည် အမေရိကန် တပ်ဖွဲ့ဝင်များအတွက် အသေအပျောက်နှုန်း အမြင့်ဆုံးသောလပင်ဖြစ်သည်။ မကြာသေးမီ အချိန်က အမေရိကန်တို့ ခန့်အပ်ထားသော အီရတ်အုပ်ချုပ်ရေးကောင်စီမှ အကြီးအကဲမှာလည်း လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရသည်။ တစ်ဖက်၌လည်း အမေရိကန်များသည် လွန်ခဲ့သောသီတင်းပတ်က အီရတ်မင်္ဂလာဆောင်တစ်ခုကို မဆင်မခြင် ပစ်ခတ်သည့်အတွက် လူ ၄၀ကျော် သေဆုံးခဲ့ရသောပြဿနာကို ဖြေရှင်းနေရပြန်သည်။

ထိုသတင်းဆိုးများ အားလုံးအထဲတွင် ဘုရှ်အစိုးရကို အထိနာဆုံးသောအချက်မှာ အကျဉ်းသားများကို မဖွယ်မရာ ပြုကျင့်သည်ဆိုသော လုပ်ရပ်များပင်ဖြစ်သည်။

ကယ်တင်နိုင်

အီရတ်နိုင်ငံတွင်ဘုရှ်အစိုးရက စွပ်စွဲထားသော အဖျက်စွမ်းအားကြီးမားသည့် လက်နက်များကို ရှာဖွေ၍မတွေ့ခဲ့ပေ။ သို့ရာတွင်အီရတ်ပြည်သူများ၏ဘဝကို လွတ်မြောက်အောင် ကယ်တင်နိုင်သည့်အတွက် အီရတ်စစ်ပွဲကို တိုက်ရသည်မှာ ထိုက်တန်မှုရှိသည်ဟု ဘုရှ်အစိုးရက ကြွေးကြော်ဂုဏ်ယူနေသည်။ မည်သို့ပင် ဂုဏ်တင်နေစေကာမူ အီရတ်နှင့် ပတ်သက်သော သတင်းဆိုးများကြောင့် ဘုရှ်အစိုးရ၏ ဟစ်ကြွေးမှုများမှာ အလဲထိုးခံရသကဲ့သို့ ရှိသည်ဟုဆိုသည်။

လေ့လာစူးစမ်း

အမေရိကန်နိုင်ငံ၌လည်း ဘုရှ်အစိုးရအပေါ် လူထု သဘောထားမည်သို့ရှိသည်ကို လေ့လာစူးစမ်းမှုများပြုလုပ်ခဲ့သည်။ လေ့လာမှုများအရ အီရတ်စစ်ပွဲနှင့်စပ်လျဉ်း၍ ဘုရှ်၏လုပ်ဆောင်မှုများအပေါ် ပြည်သူ့ထောက်ခံမှု ကျဆင်းလျက်ရှိကြောင်းတွေ့ရှိရသည်။ လူထုထောက်ခံမှုမှာ ဘုရှ်သမ္မတ ဖြစ်လာပြီးနောက်ပိုင်းတွင် အနိမ့်ဆုံး အခြေအနေသို့ ရောက်ရှိနေကြောင်းတွေ့ကြရသည်။

အထက်ပါ ပြည်သူ့ထောက်ခံမှု ကျဆင်းနေသော အခြေအနေကို ပြန်လည်ကောင်းလာစေလိုလျှင် ဘုရှ်အနေဖြင့် အီရတ်ရှိအခြေအနေအရပ်ရပ်ကို ထိန်းသိမ်း ကြိုးကိုင်နိုင်ကြောင်းကို ပြသရပေလိမ့်မည်။ အကျဉ်းသားများကိစ္စကိုလည်းပြေလည်အောင်ဖြေရှင်းရန်လိုမည်ဖြစ်သည်။

အမေရိကန်သည် ကမ္ဘာပေါ်တွင် တရားမျှတမှုအရှိဆုံး၊ ဒီမိုကရေစီ အရှိဆုံး၊ စံပြနမူနာကောင်း ပြသနိုင်သော

မေ ၂၂ ရက်က ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် သေဆုံးသူများအတွက် ပူဆွေးသောကရောက်နေသူ အီရတ်တို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



နိုင်ငံဖြစ်သည်ဟု ဂုဏ်ယူလျက်ရှိကြသော်လည်း အီရတ်တွင် ဆက်တိုက် ပေါ်ပေါက်လာသော ကိစ္စများကြောင့် အမေရိကန်၏ သိက္ခာမှာကပြောင်းကပြန်ဖြစ်လျက်ရှိသည်ဟု ရှုမြင်လာကြပြီ ဖြစ်သည်။

စွပ်စွဲ

အမေရိကန်အစိုးရပိုင်းက အီရတ်အကျဉ်းသားများကို မဖွယ်မရာ ပြုလုပ်သောကိစ္စသည် တပ်ဖွဲ့ဝင်တစ်စု၏ ဖောက်လွဲဖောက်ပြန်ပြုမှုသာ ဖြစ်သည်ဟု ဆိုသည်။ သို့သော်လည်း အချို့သောတပ်ဖွဲ့ဝင်များ၏ မတော်မရော်ပြုသောကိစ္စမှာ အထက်မှလာသော အမိန့်အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝေဖန်သံများ ထွက်ပေါ်လာလျက်ရှိသည်။

အခြေအနေမည်သို့ပင်ဖြစ်နေစေကာမူ ယခုအီရတ်တွင် လက်ရှိဖြစ်ပေါ်နေသော ပြဿနာအရပ်ရပ်သည် အမေရိကန်၏ လက်ရှိသမ္မတဘုရှ်အတွက် နောက်ထပ်တစ်ကြိမ် သမ္မတအဖြစ်အရွေးခံရရေး ယှဉ်ပြိုင်ပွဲတွင် အကြီးအကျယ်ရိုက်ခတ်မှုများ ဖြစ်ပေါ်လာနိုင်စရာရှိကြောင်း သုံးသပ်ကြသည်ဟု ဆိုသည်။

အင်တာနက်။

မေ ၁၉ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင်ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါ ထောက်ခံသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ချာလာဘီ၏ရုံးခန်းနှင့် နေအိမ်တို့ကို စီးနင်းရှာဖွေမှု အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များက ကန့်ကွက်ပြစ်တင်ရှုတ်ချ

ဘဂ္ဂဒက် မေ ၂၂

အမေရိကန်ပြည်ထောင်စု၏ ထိပ်တန်းအပေါင်းပါဟောင်း အာမက်ချာလာဘီ၏ ရုံးခန်းများနှင့် ၎င်း၏နေအိမ်တို့အား စီးနင်းရှာဖွေမှုပြုလုပ်ခြင်းကို အီရတ်အုပ်ချုပ်ရေးကောင်စီဝင်များက ပြစ်တင်ရှုတ်ချလိုက်ပြီး ယင်းလုပ်ရပ်ကိုအမေရိကန်ဦးဆောင်သောအုပ်ချုပ်ရေးအဖွဲ့က စနစ်တကျစီစဉ်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း သောကြာနေ့က ပြောကြားခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အပေါင်းပါယာယီအာဏာပိုင်အဖွဲ့(စီပီအေ)တွင် တာဝန်ရှိကြောင်း အမေရိကန်ခန့်ထားသည့် အုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်သော တာဝန်ရှိပုဂ္ဂိုလ်များက ရိုက်တာသတင်းဌာနသို့ပြောကြားသည်။ အဆိုပါကောင်စီသည် စီပီအေထံမှ ဖြေရှင်းလွှာတောင်းခံမည်ဟု တာဝန်ရှိပုဂ္ဂိုလ်နှစ်ဦးကပြောကြားသည်။

ယင်းလုပ်ရပ်၏နောက်ကွယ်တွင် စီပီအေရှိနေကြောင်း အဆိုပါကောင်စီဝင်များက ရှုမြင်ကြသည်ဟု တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ချာလာဘီ၏ အိမ်ကို ဝင်ရောက်စီးနင်းရှာဖွေမှုပြုလုပ်ရာ၌ အီရတ်တရားသူကြီးက အမိန့်ထုတ်ပြန်ပေးခဲ့ပြီး အမေရိကန် တပ်ဖွဲ့ဝင်များက တောင်းဆိုခဲ့ခြင်းဖြစ်သည်ဟု စီပီအေကပြောကြားသည်။

ယင်းကဲ့သို့စီးနင်းရှာဖွေမှုကြောင့် အမေရိကန် ဦးဆောင်သော အီရတ်နိုင်ငံ သိမ်းပိုက်ရေး အာဏာပိုင်များနှင့် တစ်ချိန်က အီရတ်အရေးကိစ္စနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုနှင့်ဆက်ဆံရေးပြေလည်ခဲ့သည့် ချာလာဘီတို့အကြား ထိပ်တိုက်တွေ့မှု အရှိန်မြင့်တက်နေသည်။ အမေရိကန်စစ်ဌာနချုပ်က ချာလာဘီ၏ ပါတီအားထောက်ပံ့ငွေဒေါ်လာ ၃၄၀၀၀၀ ပေးနေမှုကို ရပ်ဆိုင်းလိုက်ကြောင်း အမေရိကန်တာဝန်ရှိ ပုဂ္ဂိုလ်များက ပြောကြားပြီး နှစ်ရက်အကြာတွင် ချာလာဘီ၏ အိမ်နှင့်ရုံးခန်းအား ရှာဖွေမှုပေါ်ပေါက် ခဲ့ခြင်းဖြစ်သည်။ ချာလာဘီ၏ အိမ်နှင့်ရုံးခန်းအား စီးနင်းရှာဖွေမှုသည် ငွေကြေးမသမာမှု အပါအဝင် အခြားသောစွပ်စွဲမှုများကို အခြေခံခြင်းဖြစ်ကြောင်း စီပီအေမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ချာလာဘီသည် ကုလသမဂ္ဂ၏ ရေနံနှင့် စားနပ်ရိက္ခာ ဖလှယ်ရေးအစီအစဉ်အရှုပ်အထွေးနှင့် ပတ်သက်၍ ၎င်းကိုယ်တိုင် လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုကို ဆောင်ရွက်လျက်ရှိကြောင်း စီပီအေမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်အားလုံး အီရတ်နိုင်ငံမှ ရုပ်သိမ်းပြီ

တီဂူဆီဂါလ်ပါ (ဟွန်ဒူးရပ်စ်)ဧပြီ ၂၁

အီရတ်နိုင်ငံတွင်ရှိနေသည့် နောက်ဆုံးအသုတ် ဟွန်ဒူးရပ်စ်တပ်ဖွဲ့ဝင်များသည် အင်္ဂါနေ့က အပြီးသတ် ရုပ်သိမ်းခဲ့ကြောင်း ဟွန်ဒူးရပ်စ် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ဟွန်ဒူးရပ်စ်နိုင်ငံမှ တပ်ဖွဲ့ဝင် ၃၇၀ သည်ဇူလိုင်လတွင်သက်တမ်းကုန်ဆုံးချိန်အထိ အီရတ်နိုင်ငံ၌ ထားရှိရန် ကနဦးက စီစဉ်ထားခဲ့သည်။ သို့ရာတွင် အီရတ်၌ ခုခံတိုက်ခိုက်မှု အရှိန်မြင့်တက်လာမှုနှင့် တပ်ဖွဲ့ဝင် ၁၄၀၀ ရုပ်သိမ်းရန် စပိန်နိုင်ငံက ဆုံးဖြတ်ခဲ့မှုတို့ကြောင့် တပ်ဖွဲ့ဝင်များအား ဆောလျင်စွာရုပ်သိမ်းရန်ဆုံးဖြတ်ခဲ့သည်။*အမ်အင်အေ၊ရိုက်တာ။*

ကန်တို့လေကြောင်းမှတိုက်ခိုက်၍ အာဖဂန်သုံးဦးသေဆုံး

ကဘူး မေ ၂၂

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့တောင်ပိုင်း ခို့စ်ပြည်နယ်တွင် သောကြာနေ့က အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်သဖြင့် အာဖဂန်အရပ်သား သုံးဦးသေဆုံးပြီး လူအချို့ဒဏ်ရာ ရရှိသွားကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး ကပြောကြားသည်။

တိုက်ခိုက်

ကင်းလှည့်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ခတ်တိုက်ခိုက်ပြီးနောက် ခို့စ်မြို့၏ တောင်ဘက် ကာနီကျေးရွာအား ညပိုင်း၌ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ခို့စ်မြို့ဝန် ဂျာလီအာမက်ဟာဆာနီက ရိုက်တာသတင်းဌာနသို့ပြောကြားသည်။ ကင်းလှည့်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်များသည် ၎င်းတို့တိုက်ခိုက်ခံရသည့်အခါ လေကြောင်းအကူအညီကို တောင်းခံတတ်ကြသည်။

လေကြောင်းမှတိုက်ခိုက်မှု အသေးစိတ်ကို တိတိကျကျ မသိရှိရသေးကြောင်း၊ သို့ရာတွင် မိမိတို့ရရှိထားသည့် သတင်းအရ လေကြောင်းမှတိုက်ခိုက်မှုတွင် အမျိုးသမီးနှစ်ဦး အပါအဝင် အရပ်သား သုံးဦးသေဆုံးပြီး အခြားလူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သေဆုံး

သောကြာနေ့စောစောပိုင်းက အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုတွင် လူခုနစ်ဦး သေဆုံးပြီး နေအိမ်များလည်းပျက်စီးခဲ့ကြောင်း ပါကစ္စတန် အခြေစိုက် အာဖဂန်အစ္စလာမ္မစ်သတင်းဌာန(အေအိုင်ပီ)က ဖော်ပြသည်။ အပြန်အလှန် အငြင်းပွားပြောကြဆိုကြပြီးနောက် အိမ်အတွင်းနေထိုင်သူတစ်ဦးက အမေရိကန်တပ်ဖွဲ့ဝင်များကို ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက အေအိုင်ပီသို့ ပြောကြားသည်။ *အမ်အင်အေ၊ရိုက်တာ။*

ကန်တပ်ဖွဲ့ဝင်များကို ကျူးကျော်သူများအဖြစ် အီရတ်နိုင်ငံသားအများစုက ရှုမြင်

လန်ဒန် မေ ၂၂

အီရတ်နိုင်ငံသား ၁၀ ဦးလျှင် ကိုးဦးက အမေရိကန် တပ်ဖွဲ့ဝင်များသည် လွတ်မြောက်အောင် ဖန်တီးပေးသူများ၊ သို့မဟုတ် ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့များဟု ထင်မြင်နေခြင်းထက် အီရတ်နိုင်ငံ ကျူးကျော်သိမ်းပိုက်ရေးသမားဟုသာ ထင်မြင်နေကြကြောင်း လာမည့်ရက်သတ္တပတ်တွင် ထုတ်ပြန်မည့် လူထုသဘောထား စစ်တမ်းအရ သိရှိရကြောင်းဖြင့် ဗြိတိသျှ ဖိုင်နယ်ရှယ်တိုင်းမ်စ် သတင်းစာကြီးက ကြာသပတေးနေ့က ရေးသားဖော်ပြလိုက်သည်။

— လိုလားနေ —

အီရတ်နိုင်ငံသား ၁၆၀၀ အနက် ထက်ဝက်ကျော်က အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့ဝင်များကို အီရတ်နိုင်ငံမှ ထွက်ခွာရေးကို လိုလားနေကြကြောင်း အောက်တိုဘာလအတွင်းက လေ့လာခဲ့သည့် ၂၀ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်၍ အီရတ်သုတေသနနှင့် မဟာဗျူဟာ လေ့လာရေးဌာနအား ကိုးကားကာ အဆိုပါ သတင်းစာက ဖော်ပြသည်။

— စိတ်ချယုံကြည် —

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုဆိုင်ရာ ဓာတ်ပုံများကို လူသိရှင်ကြားမထုတ်ပြန်မီ အဆိုပါ လူထုသဘောထားစစ်တမ်းကို ကောက်ယူခဲ့ခြင်းဖြစ်ပြီး အဆိုပါလေ့လာရေးဌာနသည် စိတ်ချယုံကြည်ရသည့်ဌာနဖြစ်သည်ဟု အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်များက ယူဆထားကြောင်း သတင်းစာက ရေးသားသည်။

အီရတ်ပြည်သူလူထုက အမေရိကန်တို့၏ လုပ်ရပ်အား ၎င်းတို့၏ ကတိပေးထားခဲ့မှုတို့ဖြင့် ချိန်ထိုးဝေဖန်လျက်ရှိပြီး ယခုအခါ အပြောနှင့်လုပ်ရပ်ကြီးမားသည့် ကွာဟချက်ရှိနေပြီဖြစ်ကြောင်း အဆိုပါ လေ့လာရေးဌာနအကြီးအကဲ ဒူလီမီအား ကိုးကား၍ သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ဆင်ခြေဖုံးရှိ အဘူဂါရိပ်အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဆွေမျိုးသားချင်းများအားတွေ့ဆုံရန် အကျဉ်းထောင်အပြင်ဘက်တွင် စောင့်ဆိုင်းနေသည့် အီရတ်များကို မေ ၁၉ ရက်ကတွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်တွင် လက်ပစ်ဗုံးဖြင့်တိုက်ခိုက် ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၂

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် လက်ပစ်ဗုံးဖြင့် ကြာသပတေးနေ့က တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦး ထိခိုက်ဒဏ်ရာရရှိကြောင်းဖြင့် အမေရိကန် စစ်ဘက်ကပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

အမေရိကန်တပ်ဖွဲ့အား ဘဂ္ဂဒက်မြို့လယ်တွင် မေ ၂၀ရက် စောစောပိုင်းက လက်ပစ်ဗုံးဖြင့် ပစ်ခတ်သောကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦးထိခိုက်ဒဏ်ရာရရှိကြောင်း အမေရိကန်ဦးဆောင် အပေါင်းပါတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။ သို့ရာတွင် အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

အဆိုပါတပ်ဖွဲ့ဝင်သေဆုံးသည့်သတင်းကို ၎င်း၏ဆွေမျိုးသားချင်းများအား အကြောင်းကြားခြင်း မရှိသေးပေ။

သေဆုံး

အမေရိကန်ဦးဆောင်ပြီး အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ခဲ့ပြီးသည့်နောက် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၇၉၀ဦးအထိ ရှိသွားပြီဖြစ်သည်။ ယင်းတပ်ဖွဲ့ဝင်ထဲမှ ၅၇၅ဦးမှာ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံတွင် ကန်၏နှိပ်စက်ညှဉ်းပန်းမှုများကို ပုပ်ရဟန်းမင်းကြီးရှုတ်ချ

ဗာတီကန်စီတီး မေ ၂၂

အီရတ်နိုင်ငံမှ အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များ၏ နှိပ်စက်ညှဉ်းပန်းမှုတို့ကို ဗာတီကန်နန်းတော်က စဉ်ဆက်မပြတ်ရှုတ်ချမှုများပြုလုပ်ခဲ့ပြီးသည့်နောက် ပုပ်ရဟန်းမင်းကြီး ဂျွန်ပေါလ်က လူ့အခွင့်အရေး၊ နှိပ်စက်ညှဉ်းပန်းမှုများနှင့် အကြမ်းဖက်မှုများကို ရှုတ်ချသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်လိုက်သည်။

အဩ္တြေးလျကျရောက်စေ

အကြမ်းဖက်ဝါဒ၊ စစ်မက်တိုက်ခိုက်မှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် နိုင်ငံတကာအခြေအနေကို ခက်ခဲပြီး အဩ္တြေးလျသက်ရောက်စေကာ စိတ်သောက ဖိစီးစေကြောင်းဖြင့် ဂျွန်ပေါလ်က အီတလီ ဘုန်းတော်ကြီးများအား အီရတ်နိုင်ငံနှင့် ပတ်သက်သည့် မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောဆိုသည်။

ပုပ်ရဟန်းမင်းကြီးက အီရတ်နိုင်ငံတွင် ဖမ်းမိထားသမျှ ဓားစာခံများအားလုံး ပြန်လွှတ်ပေးရေးနှင့် အသက်ရှင် လွတ်မြောက်နေသူအားလုံး ဘေးရန်ကင်းရှင်းရေးအတွက် ဆုတောင်းနေကြောင်း အဆိုပါ ဘုန်းတော်ကြီးများအား ပြောကြားသည်။ အီတလီတပ်ဖွဲ့ဝင်တစ်ဦး အီရတ်တွင် ယခုရက်သတ္တပတ်က သေဆုံးပြီး အီတလီနိုင်ငံသားသုံးဦး ယခုအချိန်အထိ ထိန်းသိမ်းထားဆဲဖြစ်သည်။

ဖိအားပေး

အဘူဂါရိပ် အကျဉ်းထောင်တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုပြုလုပ်ခဲ့ခြင်းကို ဗာတီကန် အာဏာပိုင်များက မကြာသေးမီရက်သတ္တ ပတ်များအတွင်း ဖိအားပေးပြီး အပြင်းအထန်ရှုတ်ချခဲ့သည်။

လက်ခံတွေ့ဆုံ

ပုပ်ရဟန်းမင်းကြီး၏ ထုတ်ဖော်ပြောကြားသည့်အချိန်သည် ထူးခြားလှကြောင်း၊အဘယ်ကြောင့်ဆိုသော် အမေရိကန်သမ္မတဂျော့ဂျ်၊ ဘုရှ် ရောမမြို့သို့ ဇွန် ၄ ရက်တွင် အလည်အပတ် လာရောက်စဉ် ပုပ်ရဟန်းမင်းကြီးက လက်ခံတွေ့ဆုံမည်ဖြစ်သောကြောင့်ဖြစ်သည်။

ဗာတီကန်ရှိ အထက်တန်း အမေရိကန် နိုင်ငံသား ခရစ်ယာန်ဘုန်းတော်ကြီး တစ်ဦးက ယခုရက်သတ္တပတ်စောစောပိုင်းတွင် အမေရိကန်အစိုးရ၏ ကိုယ်ကျင့်တရား ပျက်ပြားမှုနှင့် အီရတ်နိုင်ငံနှင့် ပတ်သက်၍ လှည့်စားမှုပြုလုပ်ခဲ့ခြင်းကို ဝေဖန်ပြောကြားခဲ့ပြီး အီရတ်စစ်ပွဲက အာရပ်ကမ္ဘာနှင့် အနာဂတ်ကာလဆက်ဆံရေး အတွက် စေ့စပ်ညှိနှိုင်းရာတွင် ဆိုးရွားစွာ ခက်ခဲစေမည် ဖြစ်ကြောင်းကိုပါ သတိပေးပြောကြားလိုက်သည်။

အမ်အင်အေ၊ရိုက်တာ။

ဆန္ဒပြ

မေ ၁၉ ရက်က အီရန်နိုင်ငံ တီဟီရန်မြို့လယ်၌ အီရတ်နိုင်ငံအား အမေရိကန်ကသိမ်းပိုက်ထားမှုကို ဆန့်ကျင်ရန် ဆန္ဒပြနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၏ ဆိုးရွားလာသည့် လုံခြုံရေးအခြေအနေ

ကန်၏ မှားယွင်းသည့်မူဝါဒကြောင့်ဖြစ်ကြောင်း လန်ဒန်မြို့တော်ဝန် ဆောင်းပါးရေးသား

လန်ဒန် မေ ၂၂

အမေရိကန်တပ်ဖွဲ့ဝင်များ၏ အီရတ်အကျဉ်းသားများအပေါ် နှိပ်စက်ညှဉ်းပန်းမှုလုပ်ရပ်များနှင့် အီရတ်နိုင်ငံ၏ တစ်စတစ်စဆိုးရွားလာသည့် လုံခြုံရေးအခြေအနေသည်ရေတိုကာလ ဖောက်ပြန်မှုမဟုတ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ မှားယွင်းသောမူဝါဒ၏ အကျိုးသက်ရောက်မှုပင်ဖြစ်ကြောင်း လန်ဒန်မြို့တော်ဝန် ကင်လစ်ဗင်စတုန်းရေးသားသော ဆောင်းပါးကို ဗြိတိသျှဂါဒီယန်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြလိုက်သည်။

ရေးသား

ဖြစ်ပျက်မှုအချက်အချာပြဿနာမှာ ဥပဒေနှင့်ညီညွတ်သည့် နိုင်ငံတကာထောက်ခံမှု မရှိမှု၊ နိုင်ငံတကာအသိုက်အဝန်းနှင့် ပြည်သူလူထုက အမေရိကန်နှင့်ဗြိတိသျှတပ်ဖွဲ့ဝင်များကို ဥပဒေနှင့်ညီညွတ်သည့် တပ်ဖွဲ့များဟု ထင်မှတ်ထားခြင်းမရှိမှုတို့ပင်ဖြစ်ကြောင်း လစ်ဗင်စတုန်းက ရေးသားသည်။

ပြတ်ပြတ်သားသား

အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များကို လက်ရှိအချိန်တွင် လက်နက်ကိုင်တွန်းလှန်တိုက်ခိုက်မှု အပေါ် အီရတ်ပြည်သူလူထုက စာနာထောက်ထားမှုရှိမရှိ ပြတ်ပြတ်သားသားမသိရသော်လည်း အီရတ်ပြည်သူ အများစုသည် အီရတ်နိုင်ငံသိမ်းပိုက်ရေးတပ်ဖွဲ့များအား သတင်းပေးမှုတွင် ပြတ်ပြတ်သားသား ပူးပေါင်းဆောင်ရွက်မှု မရှိကြောင်း လစ်ဗင်စတုန်းက ဆက်လက်ရေးသားသည်။

သတင်းအချက်အလက်မရရှိဘဲနှင့် အမေရိကန်နှင့် ဗြိတိသျှတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့ကို တွန်းလှန်တိုက်ခိုက်နေသူများအား နှိမ်နင်းနိုင်ခြင်း မရှိသည့်ပြင် ၎င်းတို့ကို တိုက်ခိုက်လာမှုကိုပင် ကာကွယ်နိုင်စွမ်း မရှိဖြစ်ခဲ့ရကြောင်း ၎င်းကဖော်ပြသည်။

စောဒကတက်

သတင်းအချက်အလက်မရသောအခါ သတင်းရရှိရေးအတွက် လူစုကို နှိပ်စက်ညှဉ်းပန်းကြခြင်းဖြစ်ကြောင်း၊ ယင်းအချက်သည်ပင် အဘူဂါရိပ် အကျဉ်းထောင်မှ ကြောက်မက်ဖွယ်ဖြစ်ရပ်များ၏ ယုတ္တိပင်ဖြစ်ကြောင်း လစ်ဗင်စတုန်းက ဝေဖန်ရေးသားသည်။

တွေ့မြင်နိုင်

နှိပ်စက်ညှဉ်းပန်းမှုအား ဖုံးဖိထားခြင်းဖြင့် အကျိုးမရှိနိုင်ကြောင်း၊ အီရတ်နိုင်ငံ၏လုံခြုံရေးတိုးတက်မှုကိုလည်း မဖြစ်စေနိုင်ကြောင်း၊ အမှန်တရားကို ရုပ်မြင်သံကြားဖန်သားပြင်နှင့် အင်တာနက် စာမျက်နှာများပေါ်တွင် မြင်တွေ့နိုင်ကြ၍ဖြစ်ကြောင်း စတုန်းက ထပ်လောင်းရေးသားသည်။

လုံခြုံရေးပြဿနာ၏ အဖြေသည် နိုင်ငံရေးပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရတရားဝင်စေရန် အစားထိုးကြိုးပမ်းမှုမှန်သမျှ လုပ်ငန်းမဖြစ်နိုင်ဘဲ အခြေအနေဆိုးသည်ထက်ဆိုးလာနိုင်ကြောင်း၊ အီရတ်အခြေအနေသည် ဗီယက်နမ်စစ်ပွဲနောက် ရှုံ့ရှာဖွယ်ရာ ဖြစ်ရပ်တစ်ခုဖြစ်ပြီး အပေါင်းပါတပ်ဖွဲ့များ အီရတ်မှ အမြန်ရုပ်သိမ်းရန် စတုန်းက တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၂၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့သည့်နေရာကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၂၂ ရက်က မြို့တော်ဘဂ္ဂဒက်တွင် ဖြစ်ပွားသည့် ကားဗုံးပေါက်ကွဲမှု၌ ပျက်စီးသွားသော မော်တော်ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၂၂ ရက်က မြို့တော်ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို ဆေးရုံသို့ ပို့ဆောင်ရန် ပြင်ဆင်နေစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၂၀ ရက်က ဆီးရီးယားနယ်စပ်မှ ၁၂ မိုင်အကွာ မော့ဂရယ်ဒီးမြို့အနီးတွင် မင်္ဂလာဆောင် အခမ်းအနားကျင်းပနေသောနေရာသို့ အမေရိကန်စစ်ရဟတ်ယာဉ်များက ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးမှုများကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)



မေ ၂၁ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် အမေရိကန်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ကောင်းကင်ယံ၌ မီးခိုးလုံးကြီးများကိုတွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

မေ ၂၂ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ်မိန်းကလေးငယ်တစ်ဦးကို ဆေးရုံ၌ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မကွေးတိုင်း ပခုက္ကူမြို့နယ် ကျပ်ပြည့်အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)



သံလွင်တံတား(တာကော်အက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) တာကော်အက်ဒေသတွင် သံလွင်မြစ်ကိုဖြတ်ကူးရန် နိုင်ငံတော်က တည်ဆောက်ပေးခဲ့သည့် သံလွင်တံတား(တာကော်အက်)ကို တွေ့ရစဉ်။

နယ်စပ်နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး

ကျေးလက်ကျန်းမာရေးဌာန

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ကတိုင်တိကျေးရွာတွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ကျေးလက် ကျန်းမာရေးဌာနကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရစဉ်။

မိုင်းလား ဈေးကြီး

နယ်မြေဒေသ တည်ငြိမ်အေးချမ်းသည်နှင့်အမျှ မိုင်းလားဒေသတွင် ခံ့ညားထည်ဝါသော မိုင်းလားဈေးကြီးကို တည်ဆောက်ခဲ့ပြီး ကုန်စည် ကူးသန်းရောင်းဝယ်မှုများ ပြုလုပ်နိုင်ခဲ့ပြီဖြစ်သည်။(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

▲ **ရွှေဖုံးမှ**

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တို့ကို နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

သုံးနှစ်မျှသော အချိန်တိုကာလအတွင်း တက္ကသိုလ် နှစ်ခု၏ အဆောက်အအုံများ တည်ဆောက်ရေးအပါအဝင် ရုပ်ဝတ္ထုပစ္စည်းများ ထူထောင်ပေးမှု လုပ်ငန်းများ၊ သင်ကြားရေး၊ ဘဏ္ဍာရေး၊ သင်ကြားမှုသင်ယူမှု အထောက် အကူပြု ပစ္စည်းများဖြည့်ဆည်းပေးမှု လုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ဖွင့်လှစ်နိုင်ပြီ

သို့ဖြစ်၍ ယခုအချိန်အခါတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ကြီးကို ခေတ်မီခံ့ညားထည်ဝါသော အဆောက်အအုံများဖြင့် သန်လျင်မြို့ သီလဝါဒေသ၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပင် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်ကြီးကိုလည်း မိတ္ထီလာမြို့၌ တည်ဆောက်လျက်ရှိရာ အဆောက်အအုံများ အထိုက်အလျောက် ပြီးစီးပြီဖြစ်သဖြင့် အချို့သော သင်တန်းများကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်နေပြီ ဖြစ်ကြောင်း။

အထူးသဖြင့် သင်ကြားရေးအပိုင်းတွင် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြစ်စေရေး၊ အရည်အချင်းပြည့်ဝပြီး အတွေ့အကြုံ ရင့်ကျက်သည့် ဆရာများ အလုံအလောက်ရရှိရေး၊ ခေတ်မီသင်ကြားမှု သင်ယူမှု အထောက်အကူပြု ပစ္စည်းများ၊ လေ့ကျင့်ရေးပစ္စည်းများ၊ ရည်ညွှန်းစာအုပ်စာတမ်းများ ပြည့်ပြည့်စုံစုံ ရရှိရေးတို့အတွက် ကော်မတီများဖွဲ့စည်းပြီး စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

ယင်းတက္ကသိုလ်များမှ နိုင်ငံတကာအဆင့်မီ ပညာရှင်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် တက္ကသိုလ်ဆရာ၊ ဆရာမများအား ပြည်ပ ပညာတော်သင် စေလွှတ်ခြင်း၊ နိုင်ငံတကာမှ အတွေ့အကြုံရင့်ကျက်ပြီး တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ ပြည်ပမှ ပညာရှင်များက အချိန်ပိုင်းလာရောက် သင်ကြားပို့ချ လေ့ကျင့်ပေးစေခြင်းစသည့် ဆောင်ရွက်ဖွယ်လုပ်ငန်းအဝဝကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း။

ဆက်လက်ဖြည့်ဆည်း

သို့ရာတွင် မြန်မာနိုင်ငံရေကြောင်း ပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့မှာ သက်တမ်းနုနယ်လှသေး သဖြင့် ရင့်ကျက်သည့် တက္ကသိုလ်များအဖြစ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေ ရေးအတွက် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးဖွယ်ရာများ များစွာရှိနေ သေးကြောင်း။

သို့ဖြစ်၍ ဤတက္ကသိုလ်နှစ်ခုကို အသီးသီး တာဝန်ယူထားကြသည့် ပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က တက္ကသိုလ် များ ရည်မှန်းချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ပြီး အရှိန်အဟုန်မပျက် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားကြ ရန်နှင့် ဆက်စပ်ပတ်သက်သည့် ဝန်ကြီးဌာနများ၊ ဖွဲ့စည်းပေးထားသည့် ကော်မတီများကလည်း လိုအပ်သည်များ ဆက်လက်ကူညီပံ့ပိုး ဆောင်ရွက် သွားကြရန်လိုအပ်ကြောင်း။

အလွန်အရေးပါ

ဤတက္ကသိုလ်ကြီး နှစ်ခုသည် နိုင်ငံတော်၏ အနာဂတ်တွင် စက်မှု နိုင်ငံကြီးထူထောင်နိုင်ရေးအတွက် လိုအပ်နေသောပညာရှင်များကိုပြုစုပျိုးထောင် မွေးထုတ်ပေးသွားမည်ဖြစ်ရာ နိုင်ငံတော်အတွက် အလွန်အရေးပါသည့် တက္ကသိုလ်ကြီးများပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤ တက္ကသိုလ်ကြီးများမှ ပေါ်ထွန်းလာမည့် ဘွဲ့ရလူငယ်များအတွက် နိုင်ငံအကျိုးပြု လုပ်ငန်းများတွင် ထိုက်တန်စွာ ပါဝင်ဆောင်ရွက်နိုင်မည့် အစီအမံများ စီမံထားရှိပြီးဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက မြင့်မားသော ရည်မှန်းချက်များဖြင့် ထူထောင်ပေးထားသော တက္ကသိုလ်ကြီးများ ဖြစ်သည်နှင့်အညီ တာဝန်ရှိသူ အသီးသီးနှင့် ဆရာ၊ ဆရာမများအားလုံးတို့က နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် မိမိတို့ တက္ကသိုလ်များကို နိုင်ငံတကာ တက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံသည့် တက္ကသိုလ်ကြီး များဖြစ်အောင်၊ အရည်အသွေးမြင့်မားသည့် ပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ် ပထမဆင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် တက္ကသိုလ် ပင်မဆောင် ဖွင့်လှစ်ခဲ့မှု၊ ဒုတိယဆင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်နေမှု၊ ဆရာ ဆရာမ များအား ပြည်တွင်းပြည်ပသင်တန်းများ ပို့ချပေးမှု၊ နိုင်ငံတကာအဖွဲ့အစည်း များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ရေကြောင်းပညာသိပ္ပံကို မြန်မာနိုင်ငံ ကုန်သွယ်ရေကြောင်း ဒီဂရီကောလိပ်အဖြစ်သို့လည်းကောင်း၊ လေကြောင်း ပညာသိပ္ပံကို မြန်မာနိုင်ငံ မြို့ပြလေကြောင်း ကောလိပ်အဖြစ်သို့လည်း ကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် စီစဉ်ထားမှု၊ အပ်နှင်းမည့် ဒီပလိုမာ ဘွဲ့နှင့် ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြ သော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းတို့က ထူးချွန်ထက်မြက်သော ရေကြောင်းပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းဖြင့် ခေတ်မီသင်ထောက်ကူပစ္စည်းများ အသုံးပြုကာ ပြည်တွင်း၊ ပြည်ပ ဆရာ၊ ဆရာမများက စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးနေမှု၊ သင်ကြားမှုဆိုင်ရာ ဖြည့်ဆည်းပံ့ပိုးပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ် က မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ ဖွင့်လှစ် ထားသည့် သင်တန်းများနှင့် သင်တန်းသားဦးရေ၊ သင်ကြားရေးနှင့် စီမံ ခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ပတက္ကသိုလ်များမှ ဧည့်ပါမောက္ခများ ဖိတ်ကြား၍ ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမများအား သင်တန်းများ ပို့ချပေးမှု၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဝယ်ယူဖြည့်တင်းထားမှုနှင့် မြန်မာနိုင်ငံ လေကြောင်း နှင့် အာကာသပညာတက္ကသိုလ် တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဗိုလ်ချုပ်အောင်လှိုင်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်အကြံပြု ရှင်းလင်းတင်ပြကြသည်။

နိဂုံးချုပ်အမှာစကားပြောကြား

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်တို့ကို ဖွဲ့စည်းထူထောင်လာခဲ့သည်မှာ သုံးနှစ်ခန့် ကာလရောက်ရှိခဲ့ပြီဖြစ်သဖြင့် မျှော်မှန်းချက်များ အတော်အတန် ခရီးရောက် နေပြီဟု တာဝန်ရှိသူအသီးသီး၏ ရှင်းလင်းတင်ပြချက်များအရ သုံးသပ်ရရှိ နိုင်ကြောင်း။

ဤတက္ကသိုလ်ကြီးများမှာ နိုင်ငံတော်၏အနာဂတ်အတွက် မျှော်မှန်းပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ထူထောင်ပေးထားခြင်း ဖြစ်သည့်အပြင် စက်မှုနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အလွန် လိုအပ်ပြီး နိုင်ငံတော်အတွက်များစွာ အကျိုးဖြစ်ထွန်းစေမည့် ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ရာ နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့် အညီ အရည်အသွေးပြည့်ဝသည့် ပညာရှင်များ ဤတက္ကသိုလ်ကြီးများမှ ပေါ်ထွန်းလာစေရေးအတွက် တာဝန်ရှိသူများအားလုံးက အရှိန်အဟုန် မပျက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်း လိုက်သည်။

(သတင်းစဉ်)

တရုတ်နိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန်မြို့ရောက်ရှိ

ရန်ကုန် မေ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံ ရုပ်ရှင်နယ်ပယ်အကြား ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါ လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်များအားပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့ရုပ်ရှင် လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ပြတိုက်နာယက ဒါရိုက်တာ ဦးတင်ယုနှင့် ဦးမြင့်စိုး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်နှင့် အမှုဆောင်အဖွဲ့ဝင်များ က ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက် အတွင်းရှိ ခေတ်အဆက်ဆက်မြန်မာ့ ရုပ်ရှင် သမိုင်းပြကွက်များကို လိုက်လံ ရှင်းလင်းပြသကြသည်။

ယင်းနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များ အသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာ နိုင်ငံ ရုပ်ရှင်အစည်းအရုံးသို့ ရောက်ရှိ ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့်၊ အတွင်းရေးမှူး ဦးကျော်သူ နှင့် တွဲဖက်အတွင်းရေးမှူးများ၊ အမှု ဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံကြ သည်။ (သတင်းစဉ်)

ရန်ကုန်မြို့တွင် လည်ပတ်ရန်ရောက်ရှိလာသော တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သောအဖွဲ့ဝင်များ ရုပ်ရှင်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၄)

World No - Tobacco Day
(31-5-2004)

“ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ”

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

ဖျော်ဖြေ တင်ဆက်

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များအား ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။

(သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

နယ်ချဲ့ လက်သစ်သို့

သိမ်းငှက်ကြီးက
ကြက်သားအုပ်မကို
ချစ်ပြသည့်ဟန်
လာမကြံနှင့်
အမှန်ဒို့များ သိပါ၏။ ။

နွယ်ချို

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသံရှင်များဖြစ်ကြသော လှမြင့်ဝင်း၊ သန်းမြတ်စိုး၊ ပီတာဘသိန်း၊ ရီရီသန့်၊ မီမီဝင်းဖေ၊ ရွှေရည်ဝင်းလက်၊ ရွှေယမင်းဦး၊တင်တင်မြ၊တက္ကသိုလ်လှဲ့လှဲ့၊ခိုင်ဝါ၊ မေဘရဏီခိုင်၊ ခင်နန်းယုထွေး၊သီတာမိုးနှင့် ကျော်ကျော်ထူးတို့က အမျိုးသားညီလာခံ ဂုဏ်ပြုတေးဖြစ်သည့် "လရောင်ဆမ်းမှလန်းသောပန်း" သီချင်းအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

ယင်းသို့ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ်ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီ အသီးသီးမှ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

ဂုဏ်ပြုဆုငွေ

တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ခင်အောင်မြင့်က ချီးမြှင့်ရာ တေးသံရှင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြက လက်ခံသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ရှင်းလင်းတင်ပြချက်များအပေါ် အစုအဖွဲ့အလိုက် လေ့လာဆွေးနွေးကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံ ကိုယ်စားလှယ်များအား မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက ဖျော်ဖြေတင်ဆက်ကြပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်အောင်မြင့် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရေဦးမြို့နယ်အသင်း သင်းလုံးကျွတ်အစည်းအဝေးကျင်းပမည်

ရန်ကုန် မေ ၂၃

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးကို မေ ၃၀ရက်(တနင်္ဂနွေနေ့) နံနက်၁၀နာရီတွင်ရန်ကုန်မြို့၊ ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ် ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်သည်။ ရေဦးမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းသူအသင်းသားများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများ၊ နှစ်စဉ်ကြေးများလည်း ထည့်ဝင်ကြပါရန် နှိုးဆော်ထားသည်။ (က-ပ)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ ဂေါက်သီးရိုက်လေ့ကျင့်ကွင်း၌ ဂေါက်သီးရိုက် ကစားကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ အမျိုးသား၊ အမျိုးသမီး ကိုယ်ကာယလေ့ကျင့်ရေးစခန်း၌ ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများ လေ့ကျင့်နေကြသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

❒ **အမျိုးသားညီလာခံမှ** ဘိလိယက်ခန်းမ၌ ဘိလိယက် ကစားခြင်း စသည့်တို့ကို မိမိတို့ကျန်းမာရေးအတွက်ဝါသနာပါရာ အားကစားနည်းအလိုက်စုပေါင်း၍လည်းကောင်း၊ တစ်ဦးချင်းအလိုက် လည်းကောင်း လေ့ကျင့်လျက်ရှိကြသည်။

ကျင်းပမည်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အစုအဖွဲ့ညှိနှိုင်းဆွေးနွေးပွဲများကို မေ ၂၄ရက်(တနင်္လာနေ့)တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိသတ်မှတ်ထားသည့်ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြမည် ဖြစ်သည်။ (သတင်းစဉ်)



ပရိတ်တော်ဝတ်ရွတ်စဉ် သင်တန်းဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၃

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာအသင်းချုပ် (၂၁)ကြိမ်မြောက် မင်္ဂလာဗျူဟာ ပရိတ်တော်ဝတ်ရွတ်စဉ် သင်တန်းဖွင့်ပွဲကို မေ ၂၉ရက် စနေနေ့ မွန်းလွဲ ၁၂နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်ရာ ကုသိုလ်ရှင်များ တက်ရောက်နိုင်သည်ဟု သိရသည်။ (၂၃)

သားငါးဖွံ့ဖြိုးမှု ဖြည့်အကျိုး

✧ ကလေးမြို့နယ်မှ

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဗိုလ်မှူးကြီးညီထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ကလေးမြို့နယ်နှင့် ရပ်ကွက်တို့မှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘင်ခရာနှင့်ပန်းဖွားအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် အနီးပတ်ဝန်းကျင် ကျေးရွာတို့မှ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၀၀၀ကျော်တို့ တက်ရောက်ကြသည်။

အရှည်ပေ ၂၂၀

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ယနေ့ ဖွင့်လှစ်သည့် ပန်းမွန်ချောင်းတံတားသည် စစ်ကိုင်းတိုင်း ကလေး–ဂန့်ဂေါ လမ်းပေါ်တွင် ရှိသည့် ပန်းမွန်ချောင်းကိုဖြတ်ပြီး တည်ဆောက်ထားသော အရှည် ၂၂၀ပေ ရှိ တံတားတစ်စင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက "တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဟာ အဓိကကျပြီး လွယ်လင့်တကူ သွားလာနိုင်မှသာ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းကြောင့် ဒေသတစ်ခုနဲ့တစ်ခု ရင်းနှီးမှုနည်းပါးလာခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟခြင်း မဖြစ်စေလိုတဲ့အတွက် လမ်း၊ တံတားများကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း" လမ်းညွှန် မိန့်ကြားခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် ပြည်ထောင်စု၏အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မဟာဗျူဟာချမှတ်ပြီး ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ နှင့် အထက် မြစ်ကူးချောင်းကူးတံတားကြီးများ တည်ဆောက်ခဲ့ရာ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းက ၁၇၀ စင်း၊ မြန်မာ့မီးရထားက ခြောက်စင်း၊တပ်မတော်အင်ဂျင်နီယာ တပ်ဖွဲ့က ခုနစ်စင်းစုစုပေါင်း ၁၈၃စင်းကို အောင်အောင်မြင်မြင် တည်ဆောက်ပေးနိုင်ခဲ့သည်ကို တိုင်းရင်းသားပြည်သူအားလုံး အသိပင်ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ပန်းမွန်ချောင်းတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း၊ ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့၏ အနောက်ဘက်ကမ်းမှာရှိသည့် ဂန့်ဂေါဒေသ၊ ကလေးဒေသများသည် ခေတ်ဆက်ဆက်တွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲလှသည့်အတွက် စီးပွားရေး၊ လူမှုရေးတို့တွင် တိုးတက်မှု အားနည်းခဲ့ရသော ဒေသများဖြစ်ကြောင်း။

ထို့ကြောင့် တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဂန့်ဂေါမြို့ကို ဗဟိုပြုပြီး ချင်းပြည်နယ်(မြောက်ပိုင်း)နှင့် ကလေးဒေသများကို မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့နှင့် လွယ်လင့်တကူ မြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်ရန် ကလေး–ဂန့်ဂေါ ရထားလမ်း၊ ကလေး–ဂန့်ဂေါ ကားလမ်း၊ ဂန့်ဂေါ–ဟားခါး ကားလမ်းတို့ကို ဖောက်လုပ်ပေးခဲ့သလို မြစ်သာ မြစ်ကူးတံတား၊ကမ္ဘာနီတံတား စသည့် လိုအပ်သော တံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း။

ညအိပ်စရာမလို

ယခု ဂန့်ဂေါ–ကလေး လမ်းပိုင်း ပေါ်ရှိ ပန်းမွန်ချောင်းကိုဖြတ်ပြီး တံတား တည်ဆောက်ပေးလိုက်သည့် အတွက် မကွေးတိုင်း ဂန့်ဂေါမှ စစ်ကိုင်းတိုင်း ကလေးမြို့သို့လည်းကောင်း၊ ကလေးမြို့ ကိုဖြတ်ပြီး ချင်းပြည်နယ်အတွင်းသို့ လည်းကောင်း၊ ယခင်ကထက် အချိန်တို တောင်းစွာ တောက်လျှောက်သွားနိုင်ပြီ ဖြစ်ကြောင်း၊ ယခင်က မိုးရာသီကာလ များတွင် ပန်းမွန်ချောင်းရေကျနေပါက ဒေသခံပြည်သူများသည် ချောင်းရေကို စောင့်ဆိုင်းနေခဲ့ကြရကြောင်း၊ တစ်ခါ တရံ တစ်ညအိပ်၊ နှစ်ညအိပ် စောင့်ဆိုင်း ရသည့်အတွက် အချိန်များစွာကုန်ပြီး လမ်းခရီးဖင့်ခဲ့ရကြောင်း၊ ယခု ချောင်း ဖြတ်တံတား တည်ဆောက်ပြီးသွားပြီ ဖြစ်၍ ဂန့်ဂေါ–ကလေးလမ်းပေါ်သို့ ယခင်ကကဲ့သို့ ချောင်းရေကျချိန်ကို စောင့်ဆိုင်းမနေရတော့ဘဲ သွားလာနိုင် တော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်အတွက်ရော၊ ကလေးဒေသ အတွက်ပါ ဒေသထွက်ကုန်ပစ္စည်းများ၊ သဘာဝသယံဇာတများ၊ သစ်တော ထွက်ကုန်ပစ္စည်းများသည် အခြား ပြည်နယ်၊ တိုင်းများသို့ အချိန်တိုတိုနှင့် လွယ်လင့်တကူ သယ်ယူပို့ဆောင်ပေး နိုင်တော့မှာဖြစ်ကြောင်း၊ ထို့အတူပင် မကွေးတိုင်း၏ အညာဒေသ ထွက်ကုန် များသည် ကလေးမြို့မှတစ်ဆင့် ချင်း ပြည်နယ် ဒေသအသီးသီးနှင့် စစ်ကိုင်း တိုင်း အနောက်ဘက်ခြမ်းဒေသများကို အပြန်အလှန် ကူးသန်းရောင်းဝယ်နိုင် တော့မှာဖြစ်ကြောင်း၊ ထိုပန်းမွန် ချောင်းကူးတံတားကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်းတို့၏ လွယ်ကူလျင်မြန်သည့် သုံးပွင့်ဆိုင်ဒေသ ဆက်သွယ်ရေးလမ်းကြောင်း ပေါ်ထွက် လာခဲ့ပြီဖြစ်ကြောင်း။

ကျေးရွာ ၆၃ရွာ

အဆိုပါလမ်းကြောင်းပေါ်တွင် ကျေးရွာ ပေါင်း ၃၆ရွာရှိပြီး ဤလမ်းကြောင်းကို အသုံးပြုရမည့် အနီးပတ်ဝန်းကျင် ကျေးရွာပေါင်း ၂၇ရွာရှိသည့်အတွက် ကျေးရွာပေါင်း ၆၃ရွာတို့သည် ၎င်း လမ်းကြောင်းကို အသုံးပြုနိုင်တော့မှာ ဖြစ်ကြောင်း၊ ထို့ကြောင့် ဂန့်ဂေါ–ကလေးလမ်းကြောင်းရှိသော ဒေသများ၏ ဖွံ့ဖြိုးမှုများ မကြာခင်ကာလအတွင်း၌ အရှိန်အဟုန်ဖြင့် တိုးတက်လာတော့ မှာဖြစ်ကြောင်း၊ ဒေသအတွင်းနေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် ကဏ္ဍ များသည်လည်း လမ်းပန်းဆက်သွယ်မှု ကောင်းလာသည်နှင့်အမျှ ပိုမိုဖွံ့ဖြိုး တိုးတက်လာမှာဖြစ်ကြောင်း၊ ဒေသ အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်း ရင်းသားညီအစ်ကို မောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးမှု ပိုမိုလာပြီး တစ်ဦး၏ ယဉ်ကျေးမှု ဓလေ့ထုံးစံကို တစ်ဦးက ထိတွေ့ခံစားကြရင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာလာ စေမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အားသာ သည့် ပြည်နယ်နှင့် တိုင်းများကိုရော၊ အားနည်းသည့် ပြည်နယ်၊ တိုင်းများ နှင့် နယ်စပ်ဒေသများပါမကျန် ပြည် ထောင်စုကြီးတစ်ရပ်လုံး ဟန်ချက်ညီညီ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက် လာရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီး သုံးရပ်ဖြစ်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံ ကိန်း၊ ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု စီမံ ကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီးငါးရပ် စီမံကိန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေသည်ကို အားလုံး သိရှိပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ လမ်း များကို မြန်မာပြည်အနှံ့ ကွန်ရက် သဖွယ် ဖောက်လုပ်ပေးခြင်းအားဖြင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာ ပြီး စီးပွားကုန်သွယ်မှုလုပ်ငန်း၊ ခရီးသွား လာမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ ကာ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး အခြေအနေ အရပ်ရပ်တို့သည်လည်း တစ်ပါတည်း မြင့်မားလာတော့မှာဖြစ် ကြောင်း ထပ်လောင်းပြောကြား လိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ် လိုက်သည့် ပန်းမွန်ချောင်းတံတားကို ကြိုးစားပမ်းစား အချိန်တိုအတွင်း ပြီးစီး အောင် တည်ဆောက်ခဲ့သည့် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူ များအားလုံးနှင့် ဝိုင်းဝန်းကူညီကြသော ဒေသခံပြည်သူများအားလုံးကို ဂုဏ်ပြုပါ ကြောင်းနှင့် တံတား ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများ က ဝိုင်းဝန်းစောင့်ရှောက်ပေးကြပါဟု တိုက်တွန်းမှာကြားကြောင်း ပြောကြား သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် စစ်ကိုင်းတိုင်း ကလေးမြို့နယ် ပန်းမွန်ချောင်းတံတားဖွင့်ပွဲတွင် မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တိုးတက်ဖောက်လုပ်

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း က တံတားတည်ဆောက်ရေး လုပ်ငန်း နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်း ပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး တာဝန်ကို နေ့မနား ညမနား ဆောင်ရွက်ပေးခဲ့သည့်နေရာတွင် ယခု ဆိုရင် တစ်ပြည်လုံးအတိုင်းအတာအနေ နှင့် ကတ္တရာလမ်း ၈၈၂၈မိုင် လေးဖာလုံ၊ ကျောက်ချောလမ်း ၃၂၆၄မိုင်၊ အဖာခံ လမ်း ၃၁၁၂မိုင် သုံးဖာလုံ၊ မြေလမ်း ၃၂၃၈မိုင် ခြောက်ဖာလုံ စုစုပေါင်း ၁၈၄၃၃မိုင် ငါးဖာလုံ ဖောက်လုပ်ပေး ပြီးဖြစ်ကြောင်း၊ ၁၉၈၈ခုနှစ်ကနဦးစာရင် စုစုပေါင်း မိုင် ၄၈၀၀ ငါးဖာလုံ တိုး တက်ဖောက်လုပ်ပေးနိုင်ခဲ့ကြောင်း။

၁၇၁စင်း

လမ်းများကို တိုးချဲ့ဖောက်လုပ်ပေး သည်နှင့်အမျှ ၎င်းလမ်းများပေါ်၌ တွေ့ရသည့် မြစ်ချောင်းအင်းအိုင်များ ကိုဖြတ်ကျော်ပြီး တံတားကြီးများ ကိုလည်း တည်ဆောက်ပေးခဲ့ရကြောင်း၊ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဤတံတား အပါအဝင် တစ်နိုင်ငံလုံး၌ တည် ဆောက်ပေးခဲ့ပြီးသည့် ပေ ၁၈၀နှင့် အထက် တံတားကြီးပေါင်း ၁၇၁စင်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

တစ်နိုင်ငံလုံး အတိုင်းအတာနှင့် တည်ဆောက်နေဆဲတံတားကြီး ၂၄စင်း နှင့် ဆက်လက်တည်ဆောက်ရန် အကြို အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက် နေဆဲတံတားကြီး ၂၀စင်းဖြစ်ကြောင်း။

စစ်ကိုင်းတိုင်းအနေနှင့်ဆိုရင် ယနေ့ ဖွင့်လှစ်ပေးသည့် ပန်းမွန်ချောင်းတံတား ကြီးသည် ၁၁စင်းမြောက် ဖွင့်လှစ်ပေး မည့် ပေ ၁၈၀နှင့်အထက် တံတားကြီး ဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ တံတားကြီး နှစ်စင်းနှင့် ဆက်လက် တည်ဆောက်ရန် အကြိုအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်နေသည့် တံတား သုံးစင်းရှိကြောင်း။

ယနေ့ ဖွင့်လှစ်ပေးသည့် ပန်းမွန် ချောင်းတံတားကြီးကို တစ်နှစ်တာ ကာလအတွင်း ပြီးစီးအောင် ပြည်သူ့ ဆောက်လုပ်ရေးက ဝန်ထမ်းများနှင့် ဝိုင်းဝန်းကာ ပံ့ပိုးကူညီပေးခဲ့သည့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့များ ဆက်နွယ်ဌာနများ၊ ဒေသခံပြည်သူ များအား အထူးပင် ကျေးဇူးတင်ရှိပါ ကြောင်း၊ တံတားကြီးစံချိန်စံညွှန်းညီညီ ရေရှည်တည်တံ့ ခိုင်မြဲအောင်လည်း ဝိုင်းဝန်းကူညီ ထိန်းသိမ်းပေးကြပြီး တံတားကို အသုံးပြုသူများက သတ်မှတ် ဥပဒေများနှင့်အညီ လိုက်နာကျင့်သုံး သွားကြပါရန် မှာကြားရင်း နိဂုံးချုပ် ကြောင်း အကျယ်တဝင့်ဖြင့် ရှင်းလင်း ပြောကြားသည်။

အထောက်အကူပြု

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာတွင် စစ်ကိုင်း တိုင်းအတွင်း တံတားများ တည်ဆောက် ပြီးစီးသွားသည့်အတွက် ဧရိယာ ကျယ်ဝန်းလှသော စစ်ကိုင်းတိုင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်း ရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာ ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာအထောက်အကူပြုစေမှာ ဖြစ် ကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✻

☆ ရွှေတိဂုံစေတီတော်မှ

တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၊ တောင်ဘက်မုခ်အာရုံခံ တန်ဆောင်း၊ ဂန္ဓကုဋိတိုက်၊ အနောက်ဘက်မုခ် အာရုံခံတန်ဆောင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတန်ဆောင်း၊ ဗောဓိမဏ္ဍိုင်တန်ဆောင်း၊ ဒေါ်ဒဂုန်ခင်ခင်လေး တန်ဆောင်းနှင့် ဉှေ့ခံတန်ဆောင်းများပြုပြင်မွမ်းမံမှုလုပ်ငန်းများ၊ ခုနစ်ရက်သားသမီးများတန်ဆောင်း ပြုပြင်မွမ်းမံမှုလုပ်ငန်း၊ တောင်ဘက်မုခ်ရှိ ကားကွင်းတိုးချဲ့ခြင်း၊ တောင်ဘက်မုခ်ဓာတ်လှေကား ပြုပြင်မွမ်းမံမှုလုပ်ငန်း၊ ရှေးဟောင်းကျွန်းတိုင်လုံးများပြကွက်၊ ဝတ္ထုကနယ်မြေတိုင်းတာခြင်းလုပ်ငန်း၊ ရှင်ဥပဂုတ္တကန်တော်မင်္ဂလာနှင့် ကျောင်းဆောင်တော်ပြုပြင်မွမ်းမံမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်း၊မြက်ခင်းများ အလှပြုပြင်ခြင်းနှင့် နားနေဆောင်များ ဆောက်လုပ်မှုလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့-အဖွဲ့ဝင် ဦးကြီးမြင့်နှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်တွင် ဆောင်ရွက်လျက်ရှိသည့် ပုံမှန်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ထာဝရာဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီနာယကက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေတိဂုံစေတီ

ဖူးမြော်ကြည်ညို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေး အပြီးတွင် အထက်ပစ္စယံ၌ သီတင်းသုံးတော်မူသည့် ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

တော် ဘက်စုံပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံရေး၊ ပြုပြင်မွမ်းမံပြီးစီးသည့် သာသနိက အဆောက်အအုံများကိုလည်း ရေရှည်ခိုင်ခံ့မှုရှိအောင် အခါမလပ်စစ်ဆေးပြီးလိုအပ်သလို ထိန်းသိမ်းမွမ်းမံရေးတို့ကို မှာကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထက်ပစ္စယံ၌ သီတင်းသုံးတော်မူသည့် ပတ္တမြားမျက်ရှင် ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဉှေ့ခံတန်ဆောင်း၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကဓရအရှင်ဣန္ဒာစရိယတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ဘက်မုခ်အာရုံခံတန်ဆောင်း၊ စနေထောင့်ရှိ အမှတ်(၇) စေတီ၊ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၊ ဒေါ်ဒဂုန်ခင်ခင်လေးတန်ဆောင်း၊ အောက်ပစ္စယံရှိ ရှေးဟောင်းကျွန်းတိုင်လုံးများပြကွက်၊ အောင်မင်းအောင်စေတီပြုပြင်မွမ်းမံမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စိမ်းလန်းစိုပြည်ရေး

ထို့နောက် ရှင်ဥပဂုတ္တ ကန်တော်မင်္ဂလာယာယီရှင်းလင်းဆောင်၌ FMI ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစိုးမြင့်က ရှင်ဥပဂုတ္တကန်တော်မင်္ဂလာနှင့် ကျောင်းဆောင်တော် ပြုပြင်မွမ်းမံတည်ဆောက်နေမှုလုပ်ငန်းများနှင့် ကန်တော်မင်္ဂလာပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာ ပြုပြင်မွမ်းမံတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

✻ စာမျက်နှာ ၁၀ မှ

စာမျက်နှာ ၁၀ မှ

ထို့ကြောင့် ယခုကဲ့သို့တံတားကြီးဖြစ်မြောက်အောင် တာဝန်ယူဆောက်လုပ်ပေးခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးအား လည်းကောင်း၊ တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁၁)မှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကာယဉာဏလုပ်သားများအား လည်းကောင်း၊ ကူညီပံ့ပိုးပေးခဲ့သော ဌာနဆိုင်ရာများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုကြောင်း။

ဒေသခံပြည်သူများကလည်း ဤတံတား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးတို့အတွက် အသိစိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့်ရှောက်ပေးကြရန် ဖြစ်ကြောင်း ဖြင့်ပြောကြားသည်။

ဆက်လက်၍ ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် ပန်းမွန်ချောင်းတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ရန် တံတားမုခ်ဦးထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန်ကျရောက်သည်နှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးတို့က ပန်းမွန်ချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပန်းမွန်ချောင်းတံတား မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးစန်းဝင်းက ပန်းမွန်ချောင်းတံတား တည်ဆောက်ပုံ အဆင့်ဆင့်ကို ရှင်းလင်း တင်ပြသည်။

အဆိုပါ ပန်းမွန်ချောင်းတံတားသည် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေး-ဂန့်ဂေါလမ်း မိုင်တိုင် (၁၅/၅) ပေါ်ရှိ ပန်းမွန်ချောင်းကို ဖြတ်ကျော်ဖောက်လုပ်ထားသော တံတားတင်စင်း ဖြစ်သည်။ တံတား အရှည်ပေ ၂၂၀ ရှိပြီး ခန်းဖွင့်ဖွဲ့စည်းပုံမှာ ၂၀+၃၆+ ၁၀၈+၃၆+၂၀ ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေစီပါရှိသည်။ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာအကျယ်၁၀၄ပေ၊ အမြင့်နှစ်ပေဖြစ်သည်။ တံတားအမျိုးအစားမှာ အပေါ်ထည် R.P.T သံပေါင်+သံကူကွန်ကရစ်၊ အောက်တည် သံကူကွန်ကရစ်၊ အုတ်မြစ် သံကူကွန်ကရစ် ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန် တန် ၃၀ ဖြစ်သည်။ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၀၃ ခုနှစ် ဩဂုတ်ခရက်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

ရွှေတိဂုံစေတီတော် ထာဝရာဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် ထာဝရာဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန် ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - MARKETING** (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၅ ၁၇။ မေးမြန်းစုံစမ်း
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ဝင်းပပလှသူလေးရယ် (အပိုင်း-၁၃)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း-၂၀)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

တိပိဋက–နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ကြီးမှ ပဉ္စမမြောက် ပေါ်ထွန်းလာသော တိပိဋကဓရ၊ တိပိဋကကောဝိဒ အရှင်ကျွန္ဒပါလ၊ တိပိဋကဓရ အရှင်ကုန္ဒာစရိယနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကျင်းပ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့မှ ပဉ္စမမြောက် ပေါ်ထွန်းတော်မူသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ကျွန္ဒပါလ၊ တိပိဋကဓရ အရှင်ကုန္ဒာစရိယနှင့် စာအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် ဆရာတော် တိ=နိသာသနာပြု ဥပဋ္ဌာက အဖွဲ့၏ ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၃

ကျေးဇူးရှင်မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက–နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့ကြီးမှ ပဉ္စမမြောက် ပေါ်ထွန်းလာသော တိပိဋကဓရ၊ တိပိဋကကောဝိဒ အရှင်ကျွန္ဒပါလ၊ တိပိဋကဓရ အရှင်ကုန္ဒာစရိယနှင့် စာအောင်သံဃာတော်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းတော် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညို၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

တက်ရောက်ကြည်ညို

ချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ၊ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိဇယာဘိဝံသနှင့် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော် ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသနှင့် ပင့်သံဃာတော်များ၊ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ နာယက ဆရာတော်များ၊ တိပိဋကဓရ၊ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ (၅၆)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသော ချီးကျူးဂုဏ်ပြု အပူဇော်ခံ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧည့်ခံတန်ဆောင်း၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရ အရှင်ကုန္ဒာစရိယ အား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာက(ဗဟို)အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာက(ရန်ကုန်)နှင့် (မန္တလေး)အဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာက အနုပညာ အဖွဲ့ဝင်များ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ ချီးကျူးဂုဏ်ပြု အပူဇော်ခံ စာအောင်သံဃာတော်များအား တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာက(ရန်ကုန်)အဖွဲ့ ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေနှင့် အဖွဲ့က ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့်တကွ အခမ်းအနားကျင်းပရာ မင်္ဂလာမဏ္ဍပ်အတွင်းသို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များနှင့်ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာက အနုပညာအဖွဲ့မှ တေးသံရှင် တင်တင်မြကု မြတ်စွာဘုရား၏ ရောင်ခြည်တော်ဘွဲ့ "ထူးမခြားနား"သီချင်းခန့်ကို သီကျူးပူဇော်သည်။

ယင်းနောက် ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့သတိရစွာဖြင့် ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်များက တစ်မိနစ်ငြိမ်သက်၍ ကြည်ညိုပူဇော်ကြသည်။

ဩဝါဒကထာမြွက်ကြား

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက ငါးပါးသီလ ချီးမြှင့်တော်မူပြီး ဩဝါဒကထာ မြွက်ကြားတော်မူသည်။

ထို့နောက် တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာက(ဗဟို)အဖွဲ့ဥက္ကဋ္ဌ သံအမတ်ကြီး(အငြိမ်းစား) ဦးအေးဖေက တိပိဋကဓရ စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ ပြုလုပ်ရခြင်းအကြောင်း လျှောက်ထားတင်ပြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့မှ ပဉ္စမမြောက်ပေါ်ထွန်းတော်မူသော တိပိဋကဓရ၊ တိပိဋကကောဝိဒ အရှင်ကျွန္ဒပါလ၊ တိပိဋကဓရ အရှင်ကုန္ဒာစရိယနှင့် စာအောင် သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် တိ=နိသာသနာပြု ဥပဋ္ဌာကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အရာရှိကြီးများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနား ပထမပိုင်းအစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မကျည်းကုန်းကျေးရွာ စက်ရေတွင်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အလှူရှင် ဗိုလ်မှူးကြီးလှအောင် မိသားစုနှင့် ပူးပေါင်းဆောင်ရွက်သော စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် တင်းတိပ်ကျေးရွာအုပ်စု မကျည်းကုန်းကျေးရွာတွင် ကျင်းပရာ အခမ်းအနားတွင် စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကိုကိုက စက်ရေတွင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် အထိမ်းအမှတ်အလံများ ပေးအပ်၍ နံနက် ၁၀နာရီတွင် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ (သတင်းစဉ်)

သန်လျင်တပ်နယ် သစ်ပင်ပျိုးပွဲတော်ကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် သန်လျင်တပ်နယ် သစ်ပင်ပျိုးပွဲတော် အခမ်းအနားကို ယနေ့နံနက် ၆နာရီခွဲတွင် သန်လျင်မြို့နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး ချီးမြှင့်သည်။

အခမ်းအနားသို့ သန်လျင်တပ်နယ်မှ ဗိုလ်ချုပ်ပေါ်ထွန်း၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးကြီးမောင်ဦးလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်၊ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်ဝင်းနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

စီမံချက်ချစိုက်ပျိုး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကွပ်ကဲမှုအောက် တပ်နယ်များနှင့် တပ်ရင်း/တပ်ဖွဲ့များ၌ သစ်ပင်ပျိုးပွဲတော်များကျင်းပခဲ့သည်မှာ စတုတ္ထအကြိမ်အထိ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်(၃၀)ပတ်လည်တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအပြင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကိုပါ အလေးထားဆောင်ရွက်နေချိန်လည်းဖြစ်သဖြင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်များနှင့် တပ်ရင်း/တပ်ဖွဲ့များ၏ တပ်ပိုင်မြေများ၌ သစ်ပင်များ စနစ်တကျပျိုးထောင်ပြီး တပ်ဧရိယာစိမ်းလန်းစိုပြည်ရေးအတွက် အရိပ်ရလေကာပင်များအပြင် စီးပွားရေးအထောက်အကူပြုအပင်များဖြစ်သည့် သစ်ဆိမ့်၊ တမာ၊ မန်ကျည်း၊ ထန်း၊ သီဟို၊ ရော်ဘာ၊ သရက်၊ ပိန္နဲအစရှိသည့် သစ်ပင်များကို အကွက်ချ၍ တစ်အုပ်တစ်မစိုက်ပျိုးသွားကြရန်နှင့် စိုက်ပျိုးပြီးနှစ်ရှည်သီးနှံပင်များ၏ အောက်၌ ငရုတ်ကောင်းကိုစီမံချက်ချစိုက်ပျိုးကြရမှာဖြစ်ကြောင်း။

သစ်ပင်ထိန်းသိမ်းပွဲတော်

စိုက်ပျိုးပြီး သစ်ပင်များကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေးအတွက် သစ်ပင်ထိန်းသိမ်းပွဲတော်များပါ ကျင်းပနိုင်ရေးစီစဉ်ထားကြရမှာဖြစ်ကြောင်း၊ သစ်ပင်ပျိုးပွဲတော်၊ သစ်ပင်ထိန်းသိမ်းပွဲတော်နှင့် သစ်ပင်စိုက်ပျိုးပွဲတော်များကို ပြည်သူလူထုအတွင်း သစ်တောသစ်ပင်များကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာစေရန် လူထုလှုပ်ရှားမှုအသွင်ဖြင့် တပ်လှန့်လှုံ့ဆော်ရန်၊ ရှေးလူကြီးများက သစ်ပင်များစိုက်ပျိုးခဲ့သလို မိမိတို့လက်ထက်တွင်လည်း နောင်လာနောက်သားများအတွက် သစ်ပင်များစိုက်ပျိုးပြုစုပျိုးထောင်ပေးသွားရန်၊ ပရမ်းပတာသစ်ပင်ခုတ်မှုများမပြုလုပ်ဘဲ စနစ်တကျထုတ်လုပ်၊ သုံးစွဲ၊ အစားထိုး ပြန်လည်စိုက်ပျိုးသွားရန်နှင့် သစ်တောသယံဇာတများ မပျက်စီးအောင် စောင့်ရှောက်ခြင်းဖြင့်ရာသီဥတု မှန်ကန်အောင် ထိန်းသိမ်းရန်ဟူသည့် ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ကြရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် သန်လျင်တပ်နယ်မှူးဗိုလ်မှူးကြီးမောင်ဦးလွင်က သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များ၌ သစ်ပင်များပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

သရုပ်ပြရှင်းလင်း

ဆက်လက်၍ ရန်ကုန်တိုင်းသစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးခင်ဝင်းက သစ်ပင်များ ရှင်သန်ကြီးထွားစေရန် စနစ်တကျပျိုးထောင်၊ စိုက်ပျိုး၊ ထိန်းသိမ်းရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြီး သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုထွေးက သစ်စေ့များ ပျိုးအိတ်အတွင်း ပျိုးထောင်ပုံအဆင့်ဆင့်နှင့် ပျိုးပင်ပေါက်များကို ပျိုးအိတ်များအတွင်း ပျိုးထောင်ပုံအဆင့်ဆင့်တို့ကို စနစ်တကျ သရုပ်ပြရှင်းလင်းပြသသည်။

လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်တာဝန်ရှိသူများက ပျဉ်းမစေ့၊ မန်ကျည်းစေ့၊ ပျဉ်းကတိုးပင်ပေါက်နှင့် ကျွန်းပင်ပေါက်များကို ပျိုးအိတ်များအတွင်း စနစ်တကျထည့်သွင်း ပျိုးထောင်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် သန်လျင်တပ်နယ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ မိသားစုဝင်များ၏ သစ်စေ့ပျိုးထောင်နေမှုနှင့် ပျိုးထောင်ပြီး ပျိုးပင်ပေါက်များ ထိန်းသိမ်းထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အမှတ်တရစိုက်ပျိုး

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်တာဝန်ရှိသူများသည် သန်လျင်တပ်နယ် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ပျဉ်းကတိုး၊ မဟော်ဂနီ၊ ပုန်းညက်၊ ပျဉ်းမနှင့် ငါးဆူပင်များကို အမှတ်တရစိုက်ပျိုးကြသည်။

သန်လျင်တပ်နယ်အတွင်း ယခုနှစ်သစ်ပင်ပျိုးပွဲတော်တွင် တမာ၊ မန်ကျည်း၊ ထန်း၊ သစ်ဆိမ့်၊ ပျဉ်းကတိုး၊ ပျဉ်းမ၊ ငုရွှေဝါ၊ စိန်ပန်းကြီးအစရှိသည့် သစ်ပင်ပေါင်း ၂၈၀၀၀ကို ပျိုးထောင်သွားမည်ဖြစ်သည်။

လက်ခံရယူ

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သန်လျင်မြို့နယ် ကျိုက်ဖောမိစေတီတော်မြတ် ကြီး ဂန္ဓကုဋိတိုက်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ အမွှေးတိုင်များဖြင့် ပူဇော်ကြည်ညိုကာ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အလှူငွေများကိုပေးအပ်လှူဒါန်းရာ သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဇော်ဝင်းက လက်ခံရယူသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ကျိုက်ဖောမိစေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၅-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချို့အေးမင်္ဂလာတေး
- ၇း၅၅ ၅။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၂၀ ၇။ ဖြူးချောင်းတံတား
- ၈း၃၀ ၈။ International News.
- ၈း၄၅ ၉။ Let’s Go.
- ၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ Practice in Reading.
- ၄း၄၅ ၄။ တေးဂီတအစီအစဉ်
- ၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၅း၁၅ ၆။ အကပဒေသာ
- ၅း၃၀ ၇။ လက်ဆင့်ကမ်းပေး ဂီတတေး
- ၅း၄၀ ၈။ ဟင်းရွက်ရေလှောင်တမံ
- ၅း၅၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၆း၀၅ ၁၀။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
- ၆း၁၅ ၁၁။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆိုအကများ
- ၆း၂၀ ၁၂။ Discovery.
- ၆း၃၀ ၁၃။ ညနေခင်းသတင်း
- ၇း၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၅။ စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေ မြန်မာ့ရွက်လှေ (အပိုင်း–၂)
- ၇း၁၅ ၁၆။ မွန်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
- ၇း၂၅ ၁၇။ တိုးတက်ဝေစည် ကန္ဒရဝတီ ငွေတောင်ပြည်
- ၇း၄၀ ၁၈။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
- ၈း၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ အချစ်ဆိုသည်မှာ (အပိုင်း–၃၈)**
- ၂၃။ နောက်တစ်နေ့အစီအစဉ်
- ၂၄။ အစီအစဉ်ပြီး၏။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော အဖွဲ့က ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ရုပ်ရှင်ပညာရှင်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံတွင်လေ့လာရန် ရန်ကုန်မြို့၌ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါ တရုတ်ရုပ်ရှင်ပညာရှင်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်၍ ဂါရဝပြု တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်–မြန်မာ နှစ်နိုင်ငံ ရုပ်ရှင်နယ်ပယ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။ (သတင်းစဉ်)

Fresh Up Gel သွားတိုက်ဆေးအသစ်ဖြန့်ချိရေး မိတ်ဆက်ပွဲ အခမ်းအနားတွင် Fresh Up Gel ကုမ္ပဏီမှ အုပ်ချုပ်မှု ဒါရိုက်တာ ဒေါက်တာ ထွန်းမင်းက Fresh Up Gel သွားတိုက်ဆေးအသစ် အကြောင်း ရှင်းလင်းပြောကြားစဉ်။ (ကြေးမုံ)

Fresh Up Gel သွားတိုက်ဆေးအသစ် ဖြန့်ချိရေးမိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် မေ ၂၃

Fresh Up Gel သွားတိုက်ဆေးအသစ် ဖြန့်ချိရေးမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ အရောင်းကိုယ်စားလှယ်များ၊ Fresh Up ကုမ္ပဏီမှတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Fresh Up ကုမ္ပဏီမှ Brand Manager ဒေါ်မိုးမြင့်သူက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီးအုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာထွန်းမင်းက Fresh Up Gel သွားတိုက်ဆေးသစ်အကြောင်း ရှင်းလင်းပြောကြားကာ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှကြော်ငြာမည့် Fresh Up Gel သွားတိုက်ဆေးကြော်ငြာကို ပြသသည်။

Fresh Up Gel သွားတိုက်ဆေးကို သိပ္ပံနည်းကျ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ပိုမိုအေးမြစေသော Methol အရသာနှင့်ထူးခြားသော SCM ဓာတ်ပေါင်းများ ပါဝင်ခြင်းကြောင့် သွားပိုးစားခြင်း၊ သွားဆွေးမြည့်ခြင်းနှင့် ခံတွင်းအနံ့ဆိုးခြင်းတို့ကို ကာကွယ်မှုပေးနိုင်မည်ဟုသိရှိရသည်။

(သတင်းစဉ်)

OD Tour အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးစဉ်

(၁) တောင်ကြီးခရီးစဉ် May 21,Jun 4,10 **မှန်မှန်ကန်ကန်**
(၂) ခရီးစဉ်များကို Flight&Coach တို့ဖြင့် သွားချင်သည့်ရက်ကို သီးသန့်စီစဉ်ပေးနေပါသည်။ **OD Style**
မြို့တွင်း/ပြင် ခရီးမျိုးစုံအတွက် ကားမျိုးစုံငှားရမ်းနိုင်ပါသည်။
အမှတ်(၅၂)၊ ကျွန်းတောလမ်း၊ စမ်းချောင်း၊ ဖုန်း-၅၀၄၈၀၈၊ ၅၃၇၆၇၂။

အလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

(၁) အင်ဂျင်နီယာ	G.T.I(Civil) တိုက်ဆောက်ခြင်းလုပ်ငန်း(အစမှအဆုံးအထိ)ကို အနည်းဆုံး(၃)နှစ်ခန့်ကျွမ်းကျင်စွာ ပါဝင်ဆောင်ရွက်ဖူးသူ ဖြစ်ရမည်။ (အသက် ၄၀နှစ်အောက်)	ကျား(၁)ဦး
(၂) ရုံးဝန်ထမ်း	ရုံးလုပ်ငန်းဆောင်ရွက်ရန် B.Sc(Maths),(Physics)ဘွဲ့ရ ဖြစ်ရမည်။ (အသက် ၃၅ နှစ်အောက်)	ကျား(၂)ဦး
(၃) စတိုဝန်ထမ်း	စတိုလုပ်ငန်းကျွမ်းကျင်သူ သိပ္ပံဘွဲ့ရဖြစ်ရမည်။ (အသက် ၄၀နှစ်အောက်)	ကျား(၁)ဦး
(၄) စက်ပစ္စည်းပြုပြင် ထိန်းသိမ်းရေးဝန်ထမ်း	ဆောက်လုပ်ရေးဆိုင်ရာ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးကျွမ်းကျင်သူ (အသက် ၄၀-နှစ်အောက်)	ကျား(၁)ဦး

- အထက်ပါ(၂)မှ (၄)အထိ လျှောက်ထားသူများသည်
- ဆောက်လုပ်ရေးလုပ်ငန်း အတွေ့အကြုံ အနည်းဆုံး(၂) နှစ်ရှိရမည်။

(၅) ကားမောင်း	ကားမောင်းကျွမ်းကျင်သူ (အသက် ၄၀ နှင့် ၄၅ကြား)	ကျား(၁)ဦး

- အထက်ပါအလုပ်အကိုင် လျှောက်ထားသူများသည်ကျန်းမာသန်စွမ်းရမည်။
- အကျင့်စာရိတ္တကောင်းမွန်ရမည်။ (ရဲစခန်းနှင့်ရပ်ကွက်ရုံးထောက်ခံစာပါရမည်။)
- လုပ်ငန်းလိုအပ်ပါက နယ်တွင်တာဝန်ထမ်းဆောင်နိုင်ရမည်။

အမှတ်(၂၀၁)၊ ရွှေဘုံသာလမ်း၊ (ပ)ထပ်(ယာ)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၂၂၈၇၊ ၃၇၉၂၃၆

နံနက်(၁၀း၀၀)နာရီမှ ညနေ(၄း၀၀)နာရီအထိ (၃)ရက်အတွင်း ဓာတ်ပုံ(၂)ပုံ အလုပ်သမား မှတ်ပုံတင် မိတ္တူနှင့်အတူ ဆက်သွယ်ရန် ဖြစ်ပါသည်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန(IBC)တွင် ၁၆-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့)က ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့်၊ ကြွရောက်ချီးမြှင့်ပါသော ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၏ဇနီး ဒေါ်ထွေးထွေးညွန့်၊ မင်္ဂလာလက်စွပ်ပေးပို့ချီးမြှင့်ပါသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်၊ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဇနီး ဒေါ်မူမူဝင်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်နှင့် ဇနီး ဒေါ်နန်းဖြူဖြူအေး၊ ဗိုလ်မှူးချုပ်ကျော်သူ၏ ဇနီး ဒေါ်အေးအေးရီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၏ ဇနီး ဒေါ်ခင်ဆွေမြင့်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့် ဇနီး ဒေါ်ခင်မေစိုး၊ မင်္ဂလာလက်ဖွဲ့ပေးပို့သော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်သူရမောင်နီနှင့် တပ်မတော်အရာရှိကြီးများ၊ ကြွရောက်ချီးမြှင့်သော ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးမြို့မှ ဗိုလ်မှူးသိန်းဇော်နှင့် ဇနီး သီဟသုဓမ္မသီဂီ ဒေါ်အေးအေးမွန်၊ မြို့တော်ဘီစကစ်မှ ဦးစန်းဝင်းနှင့်ဇနီး ဒေါ်စန်းစန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနတို့မှ အရာရှိကြီးများ၊ အရာထမ်း၊ ဝန်ထမ်းမိသားစုများ၊ ရန်ကုန်မြို့မှ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များ၊ မင်္ဂလာဩဘာ ဖတ်ကြားပေးသော အခမ်းအနားမှူး ဦးသင်မြင့်သန်း၊ မင်္ဂလာပန်းကြဲပေးသော သမီးလေး မခန့်တည်ကြည်သန့်၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဟေမာနေဝင်း၊ သတို့သားအရံမောင်မင်းလဝီ၊ သတို့သမီးအရံ မချိုချိုထွေး၊ မိတ်ကပ်သန့်(ဗိုလ်ချုပ်ဈေး)၊ IBC မှ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများ - ဦးကောင်းညွန့်-ဒေါ်ညိုညိုသန်း၊
ဒုတိယဗိုလ်မှူးကြီးရန်နိုင်-ဒေါ်ဝင်းဝင်းတိုးနှင့်
ဒေါက်တာစိုးထက်-မရွှန်းလဲ့ရည်။

မင်္ဂလာဦးဆုတောင်း

သား ဒေါက်တာစိုးထက်နှင့် သမီးရွှန်းလဲ့ရည်တို့၏ မင်္ဂလာဦးမှသည် ဘဝတစ်လျှောက်လုံး သာယာချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဘွားဘွား - ဒေါ်မြစိန်
ဦးဦးနှင့် အန်တီများ-ဦးအေးကို-ဒေါ်မာမာတိုး၊ ဒေါ်သင်းသင်းတိုး
ဗိုလ်ချုပ်ကိုကို-ဒေါ်စဝ်နွန်းခွန်ဆမ်
ဦးလှညွန့်-ဒေါ်ခင်ထားထား၊ ဦးစိုးမိုး။

ရောင်းချနေပါပြီ

တွင်ခုံ၊ ဖောက်စက်၊ ရွှေဘော်စက်နှင့် အခြားစက်ပစ္စည်းများ ရောင်းချနေပါသည်။

ဆက်သွယ်ရန်-
အမှတ်(၁၂၄/B)၊ ချင်းတွင်းလမ်း၊
တောင်ဒဂုံစက်မှုဇုန်(၃)၊
ဖုန်း-၆၆၃၄၁၄။

နိုင်ငံတကာသတင်းဂျာနယ်စတင်ဖြန့်ချိ

ရန်ကုန် မေ ၂၃

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၅၁)ကို ယနေ့(တနင်္လာနေ့)တွင် စတင် ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အောက်ယာပုံ)**

"မီဒီယာခေတ် မကျန်ရစ်ဖို့" ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြားတင်ဆက်နေသော နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် မိုနာကိုနိုင်ငံအကြောင်း သိကောင်းစရာ၊ ၂၀၀၂ ခုနှစ် လေယာဉ်နှစ်စင်းတိုက်မိမှု အစီရင်ခံစာ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဒုတိယမြောက် အရှည်လျားဆုံးမြစ်ကူးတံတား၊ အိန္ဒိယဝန်ကြီးချုပ်သစ်၊ အီရတ်အရေးတွင် ဗြိတိန်တို့ကွဲမြီးတိုစေသည့် အမေရိကန်တို့၏ လုပ်ရပ်၊ ရုရှား-ဗီယက်နမ် ကုန်သွယ်ရေး၊ အမေရိကန်

လူ့အခွင့်အရေး၊ ကမ္ဘာ့လောင်စာစွမ်းအင်သုံးစွဲမှု၊ အမေရိကန်နှင့် ခွာပြဲသူ အာမက်ချာလာဘီ၊ နိုင်ငံတကာဟာသ၊ ပစ်ခတ်ခံရသည့် အီရတ်မင်္ဂလာဆောင်၊ ဂါဇာမှ မြေအောက် လိုဏ်ခေါင်းများ၊ ဘက်စုံသုံးပုံနှိပ်စက်၊ လစ်ဗျားတွင် သေဒဏ်စီရင်ခံရသည့် ဘူဂေးရီးယား သူနာပြုများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်မည့် ရုရှား၊ ဘရာဇီးသမ္မတ၏ တရုတ်ပြည်ခရီးစဉ်၊ အာဖဂန်အကျဉ်းသားများ နှိပ်စက်ခံရမှုစသည့် သတင်းများနှင့် ဆောင်းပါးများ ဝေဝေဆာဆာပါရှိသည်။(က-ပ)

မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂)ဖြန့်ချိ

ရန်ကုန် မေ ၂၃

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂)ကို ယနေ့ဖြန့်ချိလိုက်သည်။

လက်ကိုင်ဖုန်း ဈေးကွက်အတွင်းရှိ တရုတ်ဆမ်ဆောင်းများ အရည်အသွေးမမီကြောင်း တွေ့ရ၊ အာရှပစိဖိတ် ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံလာရောက် ဆွေးနွေးရန်ရှိ၊ စပါးလင်ဆီမွှေးစက်ရုံ ဖွင့်လှစ်၊ ရေလုပ်ငန်းစီးပွားမှ ကဏန်းဈေးကွက်၊ စင်ကာပူဝန်ကြီးဘာကြောင့် ကားကလေးစီး၊ အိန္ဒိယတွင် အိမ်ရှင်မသင်တန်းကျောင်းဖွင့်၊ သင်္ချိုင်းထဲ၌ အသက်ရှင်နေရသူများစသည့် ပြည်တွင်းပြည်ပသတင်းများနှင့် ဆောင်းပါးများစုံလင်စွာဖော်ပြထားပြီး e-Empire Media House ဖုန်း-၇၀၃၈၀၃က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။(က-ပ)

ပြည်တွင်းပြည်ပဗုဒ္ဓသာသနာပြု သင်တန်းသားများခေါ်ယူ

ရန်ကုန် မေ ၂၃

မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာတွင် နှစ်စဉ်ဖွင့်လှစ်လျက်ရှိသော ထေရဝါဒ ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ပြည်တွင်းပြည်ပ ဗုဒ္ဓသာသနာပြု အင်္ဂလိပ်ဘာသာသင်တန်းကို တက္ကသိုလ်ဝါရင့် အငြိမ်းစားဆရာကြီးများက အင်္ဂလိပ်ဘာသာနှင့်စကားများကို ကုသိုလ်ဖြစ်သင်ကြားပို့ချပေးမည်ဖြစ်သည်။

သ၊စ၊အ ဓမ္မာစရိယ တစ်ခုခု အောင်မြင်တော်မူသော ရဟန်းတော်များ၊ သိက္ခာတော်(၁၅)ဝါရှိပြီး ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊မူလ စာချရဟန်းတော်များ သင်တန်းတက်ရောက်ရန် မေ ၃၁ရက်အတွင်း နောက်ဆုံးထား၍ အဆိုပါသာသနာ့ရိပ်သာ ပဓာန နာယကဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ကုန္ဒကထံလျှောက်ထားနိုင်သည်။

သင်တန်းကို ဇွန် ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းများကိုလည်း အဆိုပါနေ့တွင် စတင်သင်ကြားမည်ဖြစ်ရာ သင်တန်းသားများ စာရင်းသွင်းကြရန် ဝေယျာဝစ္စအဖွဲ့ ညောင်ကန်အေးသာသနာ့ရိပ်သာ အမှတ်(၆) အင်းစိန်လမ်းမကြီး အင်းစိန်မြို့နယ် ဖုန်း-၆၄၂၂၁၉သို့ ဆက်သွယ်နိုင်သည်။

(က-ပ)



ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်ဖွင့်

ဖြူး မေ ၁၈

ဖြူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ဒေသဖွံ့ဖြိုးရေးကိစ္စများ၊ စည်းရုံးရေးကိစ္စများနှင့် နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖြစ်ပေါ်လာရေးတို့ကို မတ်လဒုတိယ အပတ်မှ စတင်ပြီး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပေးအပ်လှူဒါန်း

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်သော ကျေးရွာများသို့ စာကြည့်တိုက်ဖွင့်ပွဲ၊ စာအုပ်လှူဒါန်းပွဲများ ဆက်လက် ပြုလုပ်လျက်ရှိရာ မေ ၁၆ ရက်က သပြေလှ စံပြကျေးရွာတွင် ရွှေပြည်သစ် စာကြည့်တိုက်ဖွင့်ပွဲကို ကျင်းပခဲ့သည်။ စာကြည့်တိုက်ဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ စုပေါင်းလှူဒါန်းသော

စာအုပ်များကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ယာယီ အတွင်းရေးမှူး ဦးကြည်စိုးက ကျေးရွာဥက္ကဋ္ဌသို့ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

စည်ပင်သာယာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

အုတ်ဖို မေ ၁၇

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့သည် ဧပြီ ၃၀ ရက်က အုတ်ဖိုမြို့သို့ရောက်ရှိပြီး အုတ်ဖိုမြို့နယ် စည်ပင် သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်းတံတား၊ ရေပေးရေး၊စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းလွင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးနှင့်အဖွဲ့က လိုအပ်သည်များကို ဖြည့်စွက် မှာကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

တိုင်းစည်ပင်ညွှန်မှူး ကျေးလက်လမ်းများ ကွင်းဆင်းစစ်ဆေး

ကျုံပျော် မေ ၁၅

ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် မေ ၁၃ ရက်က ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက် ပြီးစီးသွားသော ရွှေနံ့သာ-ဇနီးကွင်းလမ်းအပိုင်း(၂) ကျောက်ချောလမ်းနှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့် အပိုင်း (၃)လမ်း၊ ထိန်ငူကြီး-မှော်သေး-ကြာအင်းလမ်းတို့အား မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်သို့ ဆောင်ရွက်ရန်အတွက် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်ဖြူတို့က ရှင်းလင်းတင်ပြသည်။

(ဝဲပုံ)

ထောက်ပံ့ငွေ

အဆိုပါ ရွှေနံ့သာ-ဇနီးကွင်း လမ်းအပိုင်း(၃) ကျောက်ချောလမ်းသည် အရှည် ပေ ၄၆၀၀ ကို ကျေးလက်ငွေလုံးငွေရင်း ရန်ပုံငွေ ၅၆၀၀၀၀ ဖြင့်လည်းကောင်း၊ လမ်းနှင့် ဆက်စပ်လျက်ရှိသော ထိန်ငူကြီး-မှော်သေး-ကြာအင်းလမ်းကို နိုင်ငံတော် ထောက်ပံ့ငွေဖြင့်လည်းကောင်း ကျောက်ချောလမ်းအရှည် ပေ ၈၈၉၀ ကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်သည်။

(မြို့နယ်စည်ပင်)

ဟိုပင်မြို့ ရေပေးဝေရေး လုပ်ငန်းညှိနှိုင်း

ဟိုပင် မေ ၁၆

ကချင်ပြည်နယ် ဟိုပင်မြို့ ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် မေ ၁၂ ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံ အင်ဂျင်နီယာ ဦးအင်ခွန်အောင်၊ နန့်ရင်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိန်နှင့် အဖွဲ့ဝင်များ ဟိုပင်မြို့ အရှေ့ဘက် ငါးမိုင်တွင်ရှိသည့် တိမ်လုံကွင်း စိမ့်စမ်းရေသွယ်သို့ သွားရောက်ကာ မြို့နယ် ရေပေးဝေရေးလုပ်ငန်းအား ပူးပေါင်း ဆောင်ရွက်ကြသည်။

၂၀၀၄ ခုနှစ် ဟိုပင်မြို့တစ်မြို့လုံး ရေပေးဝေနိုင်ရန် ဟိုပင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ထွန့်ခေါင် စံလင်း တစ်ခွန်းစကား VCD KARAOKE ထွက်ပြီ

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁၄)ရပ်ကွက်၊ သလ္လာဝတီ(၃)လမ်း အမှတ်၁၆၀၂(ခ)နေ ဦးစောမြအုံး-ဒေါ်မာရိုက်ထန်ဒီးတို့၏သား

မောင်လားရင့်အောမာ(ခ)Lawrence
B.Sc(Geology)
Kembangan Pacific Medical & Dental Centre
နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ စပယ်ရုံလမ်းသွယ်(၁) အမှတ်၄၂(ခ)နေ ဦးဘုန်းမြင့်-ဒေါ်သန်းသန်းအေးတို့၏သမီး

မယုယုခိုင်
B.A(English)Q
Myanmar Airways International

တို့သည် ၂၁-၅-၂၀၀၄ရက်တွင် နှစ်ဖက်သောဘိုးဘွားမိဘဆွေမျိုးများ၏ ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်လားရင့်အောမာ-မယုယုခိုင်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ်၊ ၂၁/၂၀၀၄ (၂၀၀၄ခုနှစ်၊ မေလ ၁၈ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့ကြံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါရာထူးများအတွက် လျှောက်လွှာများအလိုရှိပါသည်။

စဉ်	ရာထူး	ပညာအရည်အချင်း	လစ်လပ်
(က)	အလုပ်ရုံခွဲမှူး (စက်မှု)	စက်မှုအင်ဂျင်နီယာဘွဲ့	၄နေရာ
(ခ)	အလုပ်ရုံခွဲမှူး (ဓာတု)	ဓာတုအင်ဂျင်နီယာဘွဲ့	၆နေရာ

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁၅-၆-၂၀၀၄နေ့တွင် အသက် (၃၅)နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) လုပ်ငန်းသဘောအရ အမျိုးသားဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅-၆-၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

၄။ လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ၊ ပူးတွဲပါရှိရမည့် စာရွက်စာတမ်းများ၊ ဝင်ကြေးငွေ ၅၀/- ပေးသွင်းရမည့်နည်းလမ်း၊ ရေးဖြေ၊ နှုတ်ဖြေ စစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဤအဖွဲ့က ကြေညာချက်အမှတ်၊ ၁/၉၁ ဖြင့် ထုတ်ပြန်ထားသော **ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများသို့ လျှောက်လွှာတင်သွင်းသူများအတွက် လမ်းညွှန်စာစောင်ပါ** သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည်။

၅။ **ရန်ကုန်မြို့နှင့် မန္တလေးမြို့**များတွင် ရေးဖြေစာမေးပွဲစစ်ဌာနများထားရှိမည်။ မိမိဖြေဆိုလိုသောစာစစ်ဌာနကို လျှောက်လွှာတွင် ရှင်းလင်းတိကျစွာ ဖော်ပြရမည်။

၆။ ဝန်ထမ်းများသည် မူရင်းလျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့် **ဌာနအကြီးအကဲမှတစ်ဆင့် ဝန်ကြီးဌာန၏ခွင့်ပြုချက်ရယူပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၁၅-၆-၂၀၀၄နေ့အရောက် ပေးပို့ရမည်။** လျှောက်လွှာတစ်စောင်ကို ဓာတ်ပုံနှင့်အတူ ဤအဖွဲ့ရုံးသို့ တိုက်ရိုက်ပေးပို့ရမည်။

၇။ ၃-၇-၂၀၀၄နေ့နှင့် ၄-၇-၂၀၀၄နေ့များတွင် အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပမည်။ ၁-၇-၂၀၀၄နေ့မှစ၍ မန္တလေးတိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဤအဖွဲ့ရုံးတွင် ဖြေဆိုခွင့်ကတ်ပြားများကို ထုတ်ပေးမည်။

